**ကိုးရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့တွင်**
**၂၀၀၈ ခုနှစ် နိုဝင်ဘာလ (၂၁)ရက်နေ့မှ ဒီဇင်ဘာလ(၂)ရက်နေ့အထိ လေ့လာခဲ့သော**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်**
**ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဦးဆောင်သည့်**
**မြန်မာ့တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အစီရင်ခံစာ**

**နိဒါန်း**

၁။ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ (D.P.R.K) ကာကွယ်ရေးဝန်ကြီးဌာနမှ Chief of General Staff General Kim Gyok Sik နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (P.R.C) ကာကွယ်ရေးဝန်ကြီးဌာန ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် နှင့် PLA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Chen Bingde တို့၏ဖိတ်ကြားချက်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဦးဆောင်သည့် မြန်မာ့တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် (၂၁-၁၁-၂၀၀၈)ရက်နေ့တွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စတင်ထွက်ခွာခဲ့ပါသည်။

၂။ (၂၂-၁၁-၂၀၀၈) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသို့ လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး ထိုနေ့မှ (၂၉-၁၁-၂၀၀၈)ရက်နေ့ထိ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတွင် လေ့လာခဲ့ပြီး (၂၉-၁၁-၂၀၀၈)ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ပါသည်။

၃။ မြန်မာ့တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် (၂၉-၁၁-၂၀၀၈)ရက်နေ့မှစတင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လေ့လာခဲ့ပြီးနောက် (၂-၁၂-၂၀၀၈)ရက်နေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့ပါသည်။

**ရည်ရွယ်ချက်**

၄။ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တို့ရှိတပ်မတော်များအား သွားရောက်လေ့လာပြီးနောက် တွေ့ရှိချက်များအား သုံးသပ်၍ မြန်မာ့တပ်မတော်ကို ခေတ်မီအင်အားတောင့်တင်းပြီးစွမ်းရည်ထက်မြက်သည့် မျိုးချစ်တပ်မတော်ဖြစ်ရေးအတွက် အကျိုးရှိစွာပြန်လည်အသုံးချရန်။

**လေ့လာရေးအဖွဲ့ဝင်များ**

၅။ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကြည်း ၁၁၅၃၄
ဗိုလ်ချုပ်ကြီး သူရရွှေမန်း
ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) အဖွဲ့ခေါင်းဆောင်

(ခ) ကြည်း ၁၃၈၇၅
ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်
အရာရှိချုပ်၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံး အဖွဲ့ဝင်

(ဂ) ကြည်း ၁၄၇၉၉
ဗိုလ်ချုပ် လှဌေးဝင်း
အရာရှိချုပ်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး အဖွဲ့ဝင်

(ဃ) လေ ၁၇၅၄
ဗိုလ်ချုပ် ခင်အောင်မြင့်
စစ်ဦးစီးအရာရှိချုပ်၊ ကက(လေ) အဖွဲ့ဝင်

(င) ကြည်း ၁၅၄၂၁
ဗိုလ်ချုပ် သိန်းဌေး
ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်၊ ကကထုတ် အဖွဲ့ဝင်

(စ) ကြည်း ၁၃၀၆၆
ဗိုလ်ချုပ် မြဝင်း
ညွှန်ကြားရေးမှူး၊ ကကမ အဖွဲ့ဝင်

(ဆ) ကြည်း ၁၃၁၀၆
ဗိုလ်မှူးချုပ် လှမြင့်
ကကသံ အဖွဲ့ဝင်

(ဇ) ကြည်း ၁၃၀၇၃
ဗိုလ်မှူးချုပ် ကျော်ညွန့်
ညွှန်ကြားရေးမှူး၊ ကကဆက် အဖွဲ့ဝင်

(ဈ) ကြည်း ၁၅၄၄၈
ဗိုလ်မှူးချုပ် ဥာဏ်ထွန်း
ညွှန်ကြားရေးမှူး၊ ကကယာ အဖွဲ့ဝင်

(ည) ရေ ၁၂၈၇
ဗိုလ်မှူးကြီး တင်အောင်စန်း
စစ်ဦးစီးဗိုလ်မှူးကြီး၊ ကက(ရေ) အဖွဲ့ဝင်

(ဋ) ကြည်း ၁၇၆၄၈
ဗိုလ်မှူးကြီး ထင်ကျော်သူ
စစ်ဦးစီးဗိုလ်မှူးကြီး၊ ကက(ကြည်း)စီမံရေး အဖွဲ့ဝင်

(ဌ) ကြည်း ၁၉၅၅၉
ဒုတိယဗိုလ်မှူးကြီး မြင့်မော်
စစ်ဦးစီးမှူး(ပထမတန်း)၊ ကက(ကြည်း)စစ်ဆင်ရေး အဖွဲ့ဝင်

(ဎ) ကြည်း ၃၂၂၉၈
ဗိုလ်ကြီး အောင်ကိုဝင်း
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အဖွဲ့ဝင်

(ဏ) ကြည်း ၃၀၅၈၈
ဗိုလ်ကြီး သိန်းနိုင်စိုး
တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာန အဖွဲ့ဝင်

(တ) ကြည်း ၃၆၃၇၇
ဗိုလ်ကြီး ခင်မောင်မြင့်
တပ်မတော်နည်းပညာတက္ကသိုလ် အဖွဲ့ဝင်

(ထ) ကြည်း ၃၀၈၆၁
ဗိုလ်ကြီး ကိုကိုမောင်
အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀) အဖွဲ့ဝင်

(ဒ) ကြည်း ၃၃၂၆၇
ဗိုလ်ကြီး ဖြိုးမင်းကြည်
တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး အဖွဲ့ဝင်

**လေ့လာရေးခရီးစဉ်တွင် နေ့စဉ်ဆောင်ရွက်မှုမှတ်တမ်း**

၆။ **၂၁-၁၁-၂၀၀၈ ရက်**

(က) မြန်မာစံတော်ချိန် ၁၃၁၅ နာရီတွင် အထူးလေယာဉ် ATR 72 ဖြင့် နေပြည်တော် လေဆိပ်မှ စတင်ထွက်ခွာခဲ့ပါသည်။

(ခ) တရုတ်နိုင်ငံ ဒေသစံတော်ချိန် ၁၆၅၀ နာရီတွင် တရုတ်နိုင်ငံကူမင်းမြို့သို့ရောက်ရှိခဲ့ပြီး ကူမင်း အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့် မှကြိုဆိုခဲ့ပါသည်။

(ဂ) ကူမင်းလေဆိပ်ရှိ Best Business Terminal Beauty Hotel သို့ ဆက်လက်ထွက်ခွာခဲ့ရာ ၎င်း Hotel တွင် PLA မှ ယူနန်စစ်ဒေသ၊ ဒုတိယစစ်ဒေသမှူး Maj. Gen. Li Qing Dai မှကြိုဆိုခဲ့ပြီး ဟိုတယ်ဧည့်ခန်းမတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း နှင့် Maj. Gen. Li Qing Dai တို့ တွေ့ဆုံဆွေးနွေးခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

(ဃ) ၁၈၀၀ နာရီတွင် ၎င်း Hotel ဥပင် Maj. Gen. Li Qing Dai က မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။

(င) ဒေသစံတော်ချိန် ၂၁၂၀ နာရီတွင် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ China Southern Airline CZ 6160 ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ တရုတ်နိုင်ငံ မြို့တော် ပေကျင်းမြို့သို့ ဒေသစံတော်ချိန် ၂၃၄၀ နာရီတွင် ရောက်ရှိခဲ့ပါသည်။ ပေကျင်း အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ စစ်သံမှူး ဗိုလ်မှူးကြီး တင့်ဝေ နှင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၊ နိုင်ငံခြားဆက်ဆံရေးရုံး Deputy Director General of Foreign Affairs Office (FAO) and Director of Bureau of Asia Affairs မှ ဗိုလ်ချုပ် Jia Xiaoning တို့ကကြိုဆိုခဲ့ပြီး၊ ပေကျင်းမြို့ Kuntai Royal Hotel တွင် ညအိပ်တည်းခိုကြပါသည်။

၇။ **၂၂-၁၁-၂၀၀၈ ရက်**

(က) ဒေသစံတော်ချိန် ၁၂၄၀ နာရီတွင် ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကိုရီးယား Air Line JS-152 ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့ သမ္မတနိုင်ငံ၊ ပြုံယမ်းလေဆိပ်သို့ ဒေသစံတော်ချိန် ၁၄၄၅ နာရီတွင် ရောက်ရှိခဲ့ပါသည်။ ပြုံယမ်းလေဆိပ်တွင် Korean People's Army - KPA Defence Industry Deputy Minister General Kim Tok Il နှင့် တာဝန်ရှိသူများက လာရောက်ကြိုဆိုခဲ့ပြီး ပြုံယမ်းမြို့တော်၊ နိုင်ငံတော်ဧည့်ဂေဟာသို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။

(ခ) ဒေသစံတော်ချိန် ၁၈၁၅ နာရီတွင် ပြုံယမ်းမြို့တော်ရှိ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမဆောင်တွင် မြန်မာ့တပ်မတော်

အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း နှင့် မြောက်ကိုရီးယားပြည်သူ့တပ်မတော် (KPA) Chief of General Staff General Kim Gyok Sik တို့သည် ရင်းနှီးစွာတွေ့ဆုံဆွေးနွေး၍ နှစ်ဦးနှစ်ဘက် အမြင်ချင်းဖလှယ်ကြပါသည်။ မြန်မာနိုင်ငံဘက်မှ ကိုယ်စားလှယ် အဖွဲ့ဝင်အားလုံးနှင့် KPA ဘက်မှတာဝန်ရှိသူများ တက်ရောက်ကြပါသည်။ တွေ့ဆုံပွဲအပြီးတွင် နှစ်ဘက်ခေါင်းဆောင်များသည် လက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်ကြပါသည်။

(ဂ) ဒေသစံတော်ချိန် ၁၈၄၅ နာရီတွင် ၎င်းကာကွယ်ရေးဝန်ကြီးဌာနမှ ညစာစားပွဲခန်းမဆောင်တွင် KPA မှ Chief of General Staff General Kim Gyok Sik က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ မြန်မာ့တပ်မတော်ဘက်မှ အဖွဲ့ခေါင်းဆောင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် KPA ဘက်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။ ညစာစားပွဲ မစတင်မီ နှစ်ဘက်ခေါင်းဆောင်များက နှုတ်ခွန်းဆက်စကား အပြန်အလှန်ပြောကြားခဲ့ကာ အသီးသီးဆုတောင်းမေတ္တာပို့သခဲ့ကြပါသည်။

၈။ **၂၃-၁၁-၂၀၀၈ ရက်**

(က) ဒေသစံတော်ချိန် ၀၈၃၀ နာရီတွင် ပြုံးယမ်းမြို့တော်ရှိ Kumsusan Memorial Palace (ကွယ်လွန်သူ နိုင်ငံခေါင်းဆောင်ကြီး ကီအင်ဆွန်း၏ အမှတ်တရ ဂူဗိမ္မာန်)သို့ သွားရောက်လေ့လာ ဂါရဝပြုခဲ့ရာ တာဝန်ရှိသူများက ကြိုဆိုလိုက်လံရှင်းလင်းပြသခဲ့ပါသည်။

(ခ) ဒေသစံတော်ချိန် ၀၉၃၀ နာရီတွင် ပြုံယမ်းမြို့တော်ရှိ Model of Command Post (Command Control System and National Air Defence Command System - PLUTO - 4S) သို့ သွားရောက်လေ့လာခဲ့ရာ ဒါရိုက်တာ Jo Kong Mo နှင့် ဒါရိုက်တာ Kong Myong တို့က ရှင်းလင်းပြောကြားခဲ့ပြီး လေ့လာရေးအဖွဲ့ဝင်များက သိလိုသည်များ မေးမြန်းလေ့လာခဲ့ပါသည်။

(ဂ) ဒေသစံတော်ချိန် ၁၅၀၀ နာရီတွင် ပြုံယမ်းမြို့တော်အနီးရှိ Mansudae Native Home, Tower of Juche Idea နှင့် Arch of Triumph တို့ကို သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူအသီးသီးတို့က ရှင်းလင်းပြသခဲ့ပါသည်။

၉။ **၂၄-၁၁-၂၀၀၈ ရက်**

(က) ဒေသစံတော်ချိန် ၀၈၃၀ နာရီတွင် Nampo City အနီးရှိ West Sea Barrage သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက ကြိုဆိုပြီး ရှင်းလင်းပြသခဲ့ပါသည်။

(ခ) ဒေသစံတော်ချိန် ၀၉၅၀ နာရီတွင် KPA Naval Unit သို့ သွားရောက်လေ့လာခဲ့ရာ Vice Admiral နှင့် Captain Kim Khan Son တို့က ကြိုဆိုပြီး တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ပါသည်။

(ဂ) ဒေသစံတော်ချိန် ၁၆၀၀ နာရီမှ ၁၇၁၀ နာရီထိ ကိုရီးယားပြည်သူ့တပ်မတော်(KPA) ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် မြန်မာ့တပ်မတော် အဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် KPA မှ Chief of General Staff General Kim Gyok Sik တို့ နှစ်ဦးနှစ်ဘက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ ထို့ ဆွေးနွေးပွဲသို့ နှစ်နိုင်ငံအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

၁၀။ **၂၅-၁၁-၂၀၀၈ ရက်**

(က) ဒေသစံတော်ချိန် ၀၉၃၀ နာရီမှ ၁၀၄၅ နာရီအထိ KPA Air Force Unit ကို သွားရောက်လေ့လာခဲ့ရာ ဗိုလ်ချုပ် Kim Kum Su နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပါသည်။

(ခ) ဒေသစံတော်ချိန် ၁၅၁၅ နာရီမှ ၁၆၁၀ နာရီအထိ KPA Tank Unit သို့ သွားရောက် လေ့လာခဲ့ရာ Tank Brigade Commander Senior Colonel Kim Ton Yong ကကြိုဆိုပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပါသည်။

၁၁။ **၂၆-၁၁-၂၀၀၈ ရက်**

(က) ဒေသစံတော်ချိန် ၁၀၀၀ နာရီမှ ၁၀၄၅ နာရီအထိ Anti-Aircraft Unit သို့ သွားရောက် လေ့လာခဲ့ရာ Second in Chief Major General Ryujoing Mu ကကြိုဆိုခဲ့ပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပါသည်။

(ခ) ဒေသစံတော်ချိန် ၁၁၀၀ နာရီမှ ၁၁၃၅ နာရီအထိ KPA Special Army Unit သို့ သွားရောက်လေ့လာခဲ့ရာ Senior Colonel Li Yun Hwan ကကြိုဆိုပြီး တပ်ဖွဲ့ဝင်များ ၏ ကိုယ်ခံပညာရပ်နှင့် အနီးကပ်တိုက်ပွဲကျွမ်းကျင်မှုစွမ်းရည် ပြသမှုကို ကြည့်ရှု လေ့လာခဲ့ပါသည်။

(ဂ) ဒေသစံတော်ချိန် ၁၄၃၀ နာရီမှ ၁၅၄၅ နာရီအထိ Kim Il Sung Military University သို့သွားရောက်လေ့လာခဲ့ရာ Commandant General Roy Chun Sok က ကြိုဆိုပြီး Kim Il Sung ရုပ်ထုကြီးရှေ့တွင် ပန်းစည်းဖြင့် ဂါရ၀ပြုခဲ့ကြပါသည်။ ထို့နောက် ၎င်း University လက်အောက်ရှိ Military Ideology Research Center သို့ သွားရောက်လေ့လာခဲ့ရာ Colonel Mum Ri Pok ကကြိုဆိုခဲ့ပြီး တာ၀န်ရှိသူများက ရှင်းလင်းပြသခဲ့ပါသည်။

(ဃ) ဒေသစံတော်ချိန် ၁၆၀၀ နာရီမှ ၁၇၂၅ နာရီထိ ပြုံယမ်းမြို့တော်ရှိ စစ်သမီးတပ်ဖွဲ့ Anti Aircraft Company သို့ သွားရောက်လေ့လာခဲ့ရာ စစ်သမီးတပ်ဖွဲ့ Captain Young Chong Shin ဦးစီး အမျိုးသမီးတပ်ဖွဲ့၀င်များက ကြိုဆိုပြီး အမျိုးသမီးတပ်ဖွဲ့၀င်များ၏ နေထိုင်စားသောက်ရာ နေရာများ၊ လေကြောင်းရန်ကာကွယ်ရေး လက်နက် 14.5 mm AA gun တိုက်ပွဲ၀င်အသင့် လေ့ကျင့်မှု သရုပ်ပြခြင်းများကို လှည့်လည်ကြည့်ရှု လေ့လာခဲ့ပါသည်။ ၎င်းနောက် စစ်သမီးတပ်ခွဲက မြန်မာ့တပ်မတော်အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ၎င်းတို့၏တီးဝိုင်းဖြင့် သီဆိုဖျော်ဖြေမှုကို ရှုစားလေ့လာခဲ့ပါသည်။

(င) ဒေသစံတော်ချိန် ၁၆၁၀ နာရီတွင် မြန်မာ့တပ်မတော်နှင့် KPA တို့၏ MoU Singing Ceremony ကို KPA ကာကွယ်ရေး၀န်ကြီးဌာန ခန်းမဆောင်တွင် ဆောင်ရွက်ကြရာ မြန်မာနိုင်ငံဘက်မှ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း နှင့် KPA ဘက်မှ Chief of General Staff General Kim Gyok Sik တို့က လက်မှတ်ရေးထိုးကြပြီး MoU ကို အပြန်အလှန် လဲလှယ်ခဲ့ကြပါသည်။

၁၂။ **၂၇-၁၁-၂၀၀၈ ရက်**

(က) ဒေသစံတော်ချိန် ၀၉၃၀ နာရီတွင် Tackwan မြို့ရှိ စစ်သမီးတပ်ခွဲအား သွားရောက်ကြည့်ရှုရာ တာ၀န်ရှိသူများက ကြိုဆိုပြီး စစ်သမီးတပ်ခွဲက လေကြောင်းရန်ကာကွယ်ရေး တိုက်ပွဲ၀င်အသင့် လေ့ကျင့်မှုအား သရုပ်ပြသခဲ့ပါသည်။

(ခ) ဒေသစံတော်ချိန် ၀၉၄၅ နာရီမှ ၁၀၁၅ နာရီထိ AA Gun Ammunition Factory အားကြည့်ရှုလေ့လာခဲ့ရာ စက်ရုံ Director Kim Chi Up ကကြိုဆိုပြီး စက်ရုံအတွင်း လှည့်လည်လေ့လာခဲ့ပါသည်။

(ဂ) ဒေသစံတော်ချိန် ၁၀၂၅ နာရီမှ ၁၁၁၅ နာရီထိ Anti-Tank Laser-beam Guidance Missile Factory သို့သွားရောက်လေ့လာခဲ့ရာ စက်ရုံ Director Ri Gong Sik ကကြိုဆိုပြီး စက်ရုံအတွင်းနှင့် Missile လက်တွေ့ပစ်ခတ်ပြသခြင်းများအား လှည့်လည် လေ့လာခဲ့ပါသည်။

(ဃ) ဒေသစံတော်ချိန် ၁၁၃၀ နာရီမှ ၁၂၃၀ နာရီထိ Radar Factory သို့သွားရောက်လေ့လာခဲ့ရာ စက်ရုံ Director Kang Man Su ကလည်းကောင်း၊ Igla Factory သို့ သွားရောက်လေ့လာခဲ့ရာ စက်ရုံ Chief Engineer Li Tae Song ကလည်းကောင်း ကြိုဆိုခဲ့ပြီး စက်ရုံများအတွင်း ကြည့်ရှုလေ့လာခဲ့ပါသည်။

(င) ဒေသစံတော်ချိန် ၁၃၅၀ နာရီတွင် မြောင်ယန်းမြို့ရှိ Myohyang San Hotel, Revolving Restaurant တွင် နေ့လည်စာ စားသုံးခဲ့ပါသည်။

(စ) ဒေသစံတော်ချိန် ၁၆၁၅ နာရီမှ ၁၇၅၀ နာရီထိ မြောင်ယန်းတောင်ပေါ်ရှိ International Friendship Exhibition Hall သို့ သွားရောက်လေ့လာခဲ့ရာ ပြတိုက်တာဝန်ရှိသူများကကြိုဆိုပြီး ပြတိုက်(၂)ခုအတွင်းခင်းကျင်းပြသထားသော နိုင်ငံတကာခေါင်းဆောင်များထံမှ ပေးပို့ထားရှိသော ဂုဏ်ပြုအမှတ်တရ ပစ္စည်းများအား လှည့်လည်လေ့လာခဲ့ကြပါသည်။

၁၃။ **၂၈-၁၀-၂၀၀၈ ရက်**

(က) ဒေသစံတော်ချိန် ၀၉၀၅ နာရီမှ ၁၀၁၀ နာရီထိ Surface to Surface Missile (SCUD Missile) Factory သို့ သွားရောက်လေ့လာခဲ့ရာ စက်ရုံ Director Kim Su Gil မှ ကြိုဆိုပြီး စက်ရုံအတွင်း Missile ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို အသေးစိတ်လေ့လာခဲ့ကြပါသည်။

(ခ) ဒေသစံတော်ချိန် ၁၀၃၀ နာရီမှ ၁၁၂၀ နာရီထိ ပြုံယမ်းမြို့တော် မြေအောက်ရထားတည်ဆောက်ထားခြင်းအား သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက ကြိုဆိုပြီး လိုက်လံရှင်းလင်းပြသခဲ့ပါသည်။ ထို့နောက်မြေအောက်ရထားအား လိုက်ပါစီးနင်းလေ့လာခဲ့ပါသည်။

(ဂ) ဒေသစံတော်ချိန် ၁၄၃၀ နာရီမှ ၁၅၃၀ နာရီထိ Memorial Exhibition For Victorious Fatherland Liberation War and (PUEBLO) Spy-Ship အား ကြည့်ရှုလေ့လာခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ပါသည်။

(ဃ) ဒေသစံတော်ချိန် ၁၅၄၀ နာရီတွင် Kim Il Sung University သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက ကြိုဆိုပြီး University အတွင်း လှည့်လည်လေ့လာခဲ့ပါသည်။

(င) ဒေသစံတော်ချိန် ၁၇၀၀ နာရီတွင် ပြုံယမ်းမြို့တော် Man Sudae Assembly Hall တွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း နှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ Secretary of WPK Central Committee

ဖြစ်သော Mr. Jon Byong Ho တို့သည် ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်ဘက် ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ၎င်းတွေ့ဆုံပွဲသို့ နှစ်နိုင်ငံ ကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

(စ) ဒေသစံတော်ချိန် ၁၈၀၀ နာရီတွင် Mr. Jon Byong Ho က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲကို ဆက်လက်ကျင်းပခဲ့ရာ မြန်မာ့တပ်မတော် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြပြီးညစာစားပွဲအပြီးတွင် နှစ်နိုင်ငံလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြပါသည်။

၁၄။ **၂၉-၁၁-၂၀၀၈ ရက်**

(က) ဒေသစံတော်ချိန် ၀၈၅၀ နာရီတွင် ပြုံယမ်းလေဆိပ်မှ Air Koryo လေကြောင်းလိုင်း ခရီးစဉ်အမှတ်၊ JS 151 ဖြင့် ထွက်ခွာလာခဲ့ရာ ပေကျင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ တရုတ်နိုင်ငံ ဒေသစံတော်ချိန် ၀၉၃၀ နာရီတွင် ရောက်ရှိခဲ့ပါသည်။ ပေကျင်း အပြည်ပြည်လေဆိပ်တွင် Deputy Director General of Foreign Affairs Office (FAO)ဖြစ်သော ဗိုလ်ချုပ် Tin Jingong၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသိန်းလွင်၊ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီး တင့်ဝေ နှင့် တာဝန်ရှိသူများ ကကြိုဆိုခဲ့ကြပါသည်။

(ခ) ဒေသစံတော်ချိန် ၁၂၀၀ နာရီတွင် ပေကျင်းမြို့ရှိ မြန်မာနိုင်ငံတော်သံရုံးသို့ ရောက်ရှိရာ မြန်မာ့တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း အား မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစု များက ကြိုဆိုကြပြီး မြန်မာ့ရိုးရာအစဉ်အလာအတိုင်း ဗိုလ်ချုပ်ကြီး သူရရွှေမန်း အား မိသားစုများက ဂါရဝပြုကန်တော့ကြပါသည်။ ၎င်းနောက် မြန်မာသံအမတ်ကြီးက တည်ခင်းသော ဂုဏ်ပြုနေ့လည်စာ စားသုံးခဲ့ကြပါသည်။

(ဂ) ဒေသစံတော်ချိန် ၁၇၃၀ နာရီတွင် ပေကျင်းမြို့တော်ရှိ Ba Yi (ဩဂုတ်-၁ တပ်မတော်ခန်းမ)တွင် မြန်မာ့တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဗဟိုစစ်ကော်မရှင် အဖွဲ့ဝင်၊ PLA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Chen Bingde တို့ ရင်းနှီးစွာတွေ့ဆုံ ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။ ၎င်းတွေ့ဆုံပွဲသို့ နှစ်နိုင်ငံကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ကြပါသည်။

(ဃ) ဒေသစံတော်ချိန် ၁၈၀၀ နာရီတွင် ဗိုလ်ချုပ်ကြီး Chen Bingde က တည်ခင်းသော ဂုဏ်ပြုညစာစားပွဲသို့ မြန်မာ့တပ်မတော်အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ ညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း နှင့် ဗိုလ်ချုပ်ကြီး Chen Bingde တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပါသည်။

၁၅။ **၃၀-၁၁-၂၀၀၈ ရက်**

(က) ဒေသစံတော်ချိန် ၀၈၃၀ နာရီတွင် ပေကျင်းမြို့အနီးရှိ PLA အမှတ်(၆)သံချပ်ကာတပ် စခန်းသို့ သွားရောက်လေ့လာခဲ့ရာ တပ်မမှူး Senior Colonel Chen Xuewu မှ ကြိုဆိုခဲ့ပါသည်။ ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း အား PLA အမှတ်(၆)သံချပ်ကာတပ်စခန်း ဂုဏ်ပြုစစ်ရေးပြတပ်ခွဲက အလေးပြုကြိုဆိုပြီး ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ဂုဏ်ပြုစစ်ရေးပြတပ်ခွဲအား စစ်ဆေး ခဲ့ပါသည်။ ၎င်းနောက် အမှတ်(၆)သံချပ်ကာတပ်စခန်းအတွင်း အိပ်ဆောင်များအား လည်းကောင်း၊ သံချပ်ကာတိုက်ပွဲဝင်စစ်ယာဉ်/လက်နက်များအား လည်းကောင်း၊ Simulator များအသုံးပြုပြီး လေ့ကျင့်ခန်းများ လုပ်ဆောင်နေခြင်းအားလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ပါသည်။

(ခ) ဒေသစံတော်ချိန် ၁၂၀၀ နာရီတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း သည် Diaoyutai နိုင်ငံတော်ဧည့်ဂေဟာတွင် Norinco ကုမ္ပဏီဥက္ကဋ္ဌ Mr. Zhao Gang နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး Norinco ကုမ္ပဏီဥက္ကဋ္ဌက မြန်မာ ကိုယ်စားလှယ်အဖွဲ့အား နေ့လည်စာဖြင့် တည်းခင်းဧည့်ခံခဲ့ပါသည်။

(ဂ) ဒေသစံတော်ချိန် ၁၄၄၅ နာရီတွင် ပေကျင်းမြို့ Poly ကုမ္ပဏီတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း သည် Poly ကုမ္ပဏီဥက္ကဋ္ဌ Mr. Jiang Lianxiang နှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ Poly ကုမ္ပဏီဥက္ကဋ္ဌက မြန်မာ ကိုယ်စားလှယ်အဖွဲ့အား ညစာဖြင့်တည်ခင်း ဧည့်ခံခဲ့ပါသည်။

၁၆။ **၁-၁၂-၂၀၀၈ ရက်**

(က) ဒေသစံတော်ချိန် ၀၉၃၀ နာရီတွင် တရုတ်နိုင်ငံ ပေကျင်းမြို့တော် Ba Yi (ဩဂုတ်-၁ တပ်မတော်ခန်းမ)တွင် မြန်မာ့တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း နှင့် တရုတ်ပြည်သူ့

သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Liang Guangjie တို့သည် ရင်းနှီးစွာ တွေ့ဆုံဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ ၎င်းတွေ့ဆုံပွဲတွင် မြန်မာ့တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ အဖွဲ့ဝင်များနှင့် တရုတ်တပ်မတော်ဘက်မှ တာဝန်ရှိသူ အရာရှိကြီးများ တက်ရောက်ကြပါသည်။ ဆွေးနွေးပွဲအပြီးတွင် နှစ်ဘက်ခေါင်းဆောင်များသည် အမှတ်တရလက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်ကြပါသည်။

(ခ) ဒေသစံတော်ချိန် ၁၄၂၅နာရီတွင် ဒုတိယနိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဦးဆောင်သည့် မြန်မာ့တပ်မတော်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ CA-4170 လေကြောင်းလိုင်းဖြင့် ကူမင်း လေဆိပ်သို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။ ပေကျင်း အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဒုတိယနိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း အား PLA မှ Deputy Chief (FAO) ဗိုလ်ချုပ် Ding Jin Gong နှင့် တာဝန်ရှိသူများ လိုက်ပါ ပို့ဆောင်နှုတ်ဆက်ခဲ့ပါသည်။

(ဂ) ဒေသစံတော်ချိန် ၁၇၃၀ နာရီတွင် မြန်မာ့တပ်မတော်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ စီးနင်းလိုက်ပါလာသော လေယာဉ်သည် ကူမင်းလေဆိပ်သို့ရောက်ရှိခဲ့ရာ လေဆိပ် တွင် ယူနန်ဒေသ၊ ဒုတိယစစ်ဒေသမှူး ဗိုလ်ချုပ် Xu Tao Xing နှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံတော်ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့် တို့က လာရောက် ကြိုဆိုခဲ့ကြပါသည်။ ထို့နောက် တည်းခိုမည့် Kai Wah Plaza သို့ ဆက်လက်ထွက်ခွာ ခဲ့ကြပါသည်။

(ဃ) ဒေသစံတော်ချိန် ၁၈၀၀ နာရီတွင် တည်းခိုရာ Kai Wah Plaza တွင် ဒုတိယနိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း အား မြန်မာ နိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံးမှ ဝန်ထမ်းမိသားစုများ လာရောက်ကန်တော့ကြရာ ဗိုလ်ချုပ်ကြီး သူရရွှေမန်း က မိသားစုများအား ဆုံးမသြဝါဒစကား ပြောကြားခဲ့ပါသည်။

(င) ဒေသစံတော်ချိန် ၁၈၃၀ နာရီတွင် တည်းခိုရာ Kai Wah Plaza ညစာစားပွဲ ခန်းမဆောင်တွင် ယူနန်ဒေသ ဒုတိယစစ်ဒေသမှူး ဗိုလ်ချုပ် Xu Tao Xing က ဂုဏ်ပြုတည်ခင်း ဧည့်ခံသောညစာစားပွဲသို့ မြန်မာ့တပ်မတော် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယနိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။ PLA ဘက်မှ ဗိုလ်ချုပ် Xu Tao

Xing နှင့် တာဝန်ရှိသူ PLA တပ်မတော်အရာရှိကြီးများ တက်ရောက်ခဲ့ပါသည်။ ညစာစားပွဲအပြီးတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပါသည်။

၁၇။ **၂-၁၂-၂၀၀၈ ရက်**

(က) ဒေသစံတော်ချိန် ၀၉၀၀ နာရီတွင် Kumming Army Academy သို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဦးဆောင်သည့် မြန်မာ့တပ်မတော်အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိလာခဲ့ရာ ကျောင်းအုပ်ကြီး ဗိုလ်ချုပ် Wong Shi Ping က ကြိုဆိုခဲ့ပါသည်။ ဗိုလ်ချုပ်ကြီး သူရရွှေမန်းအား Army Academy ဂုဏ်ပြုစစ်ရေးပြတပ်ခွဲက အလေးပြုကြိုဆိုခဲ့ပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်းကစစ်ရေးပြတပ်ခွဲအား စစ်ဆေးခဲ့ပါသည်။ ထို့နောက် Army Academy အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ပါသည်။

(ခ) ဒေသစံတော်ချိန် ၁၅၂၀ နာရီတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဦးဆောင်သည့် မြန်မာ့တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ကူမင်းလေဆိပ်မှ အထူးလေယာဉ် ATR-72 ဖြင့်ထွကခွာခဲ့ပြီး လေယာဉ်မထွက်ခွာမီ ကူမင်းလေဆိပ်တွင် ယူနန်ဒေသ ဒုတိယစစ်ဒေသမှူး ဗိုလ်ချုပ် Xu Tao Xing က လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ပါသည်။

(ဂ) ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဦးဆောင်သည့် မြန်မာ့တပ်မတော်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ စီးနင်းလိုက်ပါလာသော အထူးလေယာဉ် ATR-72 သည် နေပြည်တော်လေဆိပ်သို့ မြန်မာစံတော်ချိန် ၁၆၁၀ နာရီတွင် ပြန်လည်ဆိုက်ရောက်ခဲ့ပါသည်။

**၂၃-၁၁-၂၀၀၈ ရက်နေ့ Model of Command Post သို့ သွားရောက်လေ့လာရာတွင် တွေ့ရှိချက်များ**

၁၈။ ပေကျင်းမြို့တော်ရှိ Model of Command Post သို့သွားရောက်လေ့လာခဲ့ရာ Command Control System အကြောင်းကို ဒါရိုက်တာ Mr. Jo Kong Mo ကလည်းကောင်း၊ National Air Defence Command System (PLUTO-4S) အကြောင်းကို ဒါရိုက်တာ Mr. Kong Myong ကလည်းကောင်း အသေးစိတ်ရှင်းလင်းပြသခဲ့ပါသည်။

၁၉။ ရှင်းလင်းပြသခဲ့သော Command Control System အား နောက်ဆက်တွဲ(က)ဖြင့် လည်းကောင်း၊ National Air Defence Command System (PLUTO-4S) အား နောက်ဆက်တွဲ(ခ) ဖြင့်လည်းကောင်း ဖော်ပြအပ်ပါသည်။

## ၂၄-၁၁-၂၀၀၈ ရက်နေ့ West Sea Barrage တွင် သွားရောက်လေ့လာသည့် လေ့လာတွေ့ရှိချက်များ

၂၀။ ၂၄-၁၁-၂၀၀၈ ရက်နေ့ ၀၇၃၀ အချိန်တွင် DPRK နိုင်ငံတော်ဧည့်ဂေဟာမှ ထွက်ခွာခဲ့ရာ ၀၉၀၀ အချိန်တွင် DPRK အနောက်ဘက်ကမ်းခြေအနီးရှိ ပင်လယ်ပြင်အား တာတမံပိတ်ပြီး ရေတံခါးများမှ ရေယာဉ်ကြီးများ ဝင်/ထွက် ဆိုက်ကပ်နိုင်ရန် ပြုလုပ်ထားသောနေရာသို့ သွားရောက်လေ့လာခဲ့ပါသည်။ တာဝန်ရှိသူများမှ ၎င်း West Sea Barrage ဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြခဲ့ရာ အောက်ပါတို့ကို လေ့လာသိရှိခဲ့ရပါသည် -

| | | |
|---|---|---|
| (က) | west sea barrage အရှည် | (၈)ကီလိုမီတာ |
| ( ခ ) | Barrage ၌ ရေလုံတံခါးအရေအတွက် | (၃)ခု |
| ( ဂ ) | နံပါတ်(၁)၏ ရေလုံတံခါးမှ ဝင်ရောက်နိုင်သော ရေယာဉ်အလေးချိန် | (၂၀၀၀)တန် |
| (ဃ) | နံပါတ်(၂) ရေလုံတံခါးမှ ဝင်ရောက်နိုင်သော ရေယာဉ်အလေးချိန် | (၅၀၀၀၀)တန် |
| ( င ) | နံပါတ်(၃) ရေလုံတံခါးမှ ဝင်ရောက်နိုင်သော ရေယာဉ်အလေးချိန် | (၃၀၀၀၀)တန် |
| ( စ ) | Barrage ပေါ်ရှိ မော်တော်ကားလမ်းအကျယ် | (၃၀)ပေ |
| (ဆ) | Anchor Shape အထိမ်းအမှတ်ကျောက်တိုင်အမြင့် | (၁၅)မီတာ |
| ( ဇ ) | ၎င်း Barrage အနီးရှိ ရေပြင်တွင် ဒီရေအတက်အကျ | (၂)ကြိမ် |
| ( ဈ ) | Barrage အနီးရေပြင်၌ ဒီရေအမြင့်ဆုံးနှင့် အနိမ့်ဆုံးကွာခြားချက်(ရေအမြင့်) | (၇)မီတာ |

၂၁။ ၎င်း Barrage မဆောက်လုပ်မီ ပင်လယ်ပြင်မှ ဒီရေအတက်အကျသည် ကမ်းခြေအထိ ရောက်ရှိသဖြင့် ပင်လယ်ပြင်၌ ထူးကဲဒီရေများတက်လာသော အခြေအနေမျိုးတွင် ပြုံယမ်းမြို့အပါအဝင် ကမ်းခြေအနီးအနားရှိ မြို့/ကျေးရွာများ ရေလွှမ်းမိုးမှုနှင့် မကြာခဏကြုံတွေ့ရပါသည်။ ၎င်းအပြင် ကမ်းခြေအနီး ပတ်ဝန်းကျင်မြို့၊ ကျေးရွာများတွင် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုဇုန်များ တည်ဆောက်ရာတွင် ရေချိုရရှိနိုင်မှု (Fresh Water Resources) ရရှိလိုမှု၊ ရေလွှမ်းမိုးမှုဆိုင်ရာ သဘာဝဘေးအန္တရာယ်မှ ကာကွယ်စေနိုင်မှုတို့အတွက် ထို west sea barrage ကိုတည်ဆောက်ခဲ့ရခြင်းဖြစ်ပါသည်။ ၎င်းအပြင် ထိုတာတမံတည်ဆောက်သည့်နေရာတွင် ဒီရေအနိမ့်ဆုံးပေ (၂၀)ကျော်ရှိသဖြင့် အထက်ပါဖော်ပြခဲ့သည့် ရေတန်ချိန်(၅၀၀၀၀)ထိရှိသော ရေယာဉ်ကြီးများ ဝင်ရောက်ဆိုက်ကပ်ပြီး ကုန်ပစ္စည်းများတင်ချခြင်းအား လှိုင်းဒဏ်မခံရသည့်ရေငြိမ်တွင် ဆောင်ရွက်နိုင်၍ နယ်မြေဒေသကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်သည့် အကျိုးထူးများ ရရှိနိုင်ပါသည်။

## ၂၄-၁၁-၂၀၀၈ ရက်နေ့ Naval Unit တစ်ခုသို့ သွားရောက်လေ့လာခဲ့သည့် လေ့လာတွေ့ရှိချက်များ

၂၂။ ၁၀၃၀ အချိန်တွင် DPRK ၏ west coast fleet (yellow sea fleet)ဖြစ်သော Nampo ရေတပ်စခန်းဌာနချုပ် ကွပ်ကဲမှုအောက်ရှိ ရေတပ်အခြေစိုက်စခန်း (Naval Unit)တစ်ခုသို့ သွားရောက်

လေ့လာခဲ့ပါသည်။ ၎င်းရေတပ်အခြေစိုက်စခန်း ပင်လယ်အော်အဝင်ဝတွင် အခြေပြုစစ်ရေယာဉ်များ လှိုင်း၊ လေနှင့် ရာသီဥတုဒဏ်မှ ကင်းဝေးစေရန်အတွက် ရေထိန်းနံရံ (Water Breaker) များအား Concrete ဖြင့် ရေအောက်မြစ်ပြင်မှ ရေမျက်နှာပြင်အပေါ်ထိ တည်ဆောက်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ၎င်းပင်လယ်အော်အတွင်းဘက် ကမ်းခြေတွင် ဆိပ်ခံတံတား(wharf) ကြီးများ တည်ဆောက်ထားပြီး ရေယာဉ်ကြီးငယ်များ တန်းစီ၍စနစ်တကျ ဆိုက်ကပ်ထားသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။ တန်ချိန် ၅၀၀ အထိရှိသော စစ်ရေယာဉ်များ ဆိုက်ကပ်ထားကြောင်း လေ့လာသိရှိခဲ့ပါသည်။

၂၃။ ၎င်းရေတပ်အခြေစိုက်စခန်း(Naval Unit) တွင် ရေယာဉ်များ အရေးပေါ်လွန်းတင် ပြင်ဆင်နိုင်ရေးအတွက် ကမ်းခြေတွင် Dock Yard လွန်းကျင်းတစ်ခု တည်ဆောက်ထားပြီး အမြန်သွား တိုက်ခိုက်ရေးရေယာဉ်များနှင့် ကမ်းထိုးရေယာဉ်ငယ်များ၊ Speed boat များ လွန်းတင်ထားသည်ကို တွေ့ရှိခဲ့ပါသည်။

၂၄။ ၎င်းရေတပ်အခြေစိုက်စခန်းတွင် စစ်ရေယာဉ်များအား လုံခြုံမှုအရ ထိန်းသိမ်းထားသိုရန် အတွက် ဥမင်လှိုဏ်ခေါင်းတစ်ခု တည်ဆောက်ထားပြီး Tunnel warfare ကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသည်ကို တွေ့ရှိခဲ့ပါသည်။ ၎င်းဥမင်အတွင်း ပေ ၁၀၀ ၌ စစ်ရေယာဉ်အချို့အား ကမ်းခြေမှလွန်းတင်သည့် သံလမ်းများဖြင့် လွန်းတင်ဆွဲယူသည့်စနစ်ဖြင့် ဥမင် အတွင်းသို့ထည့်သွင်းထားသည်ကို မျက်မြင်လေ့လာသိရှိခဲ့ပါသည်။ ၎င်းဥမင်များအား ဒုံးပျံ (Missile)များ ပစ်ခတ်မှုဒဏ်ခံနိုင်ရည်ရှိရန် စနစ်တကျတည်ဆောက်ထားပြီး ၎င်းဥမင်များပစ်ခတ်မှုဒဏ် ခံနိုင်ရည်ရှိရန် စနစ်တကျတည်ဆောက်ထားပြီး ၎င်းဥမင်ဆိုင်ရာအချက်အလက်အချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဥမင်အရှည် (၆၀၀)မီတာ

(ခ) ဥမင်အမြင့် (၃၀)ပေခန့်

(ဂ) ဥမင်အကျယ် (၃၀)ပေခန့်

(ဃ) အဝင်ဝ ရှေ့ဘက်တွင် Missile ဒဏ်ခံနိုင်ရန် ပြုလုပ်ထားသည့် Movable Concrete Wall (အလျား - အနံ - အမြင့်) (၃၀ - ၃ - ၃၀)ခန့်

(င) ဥမင်အတွင်း သံတံခါးများ (၃)ခု နောက်ဆက်တွဲ ( င )

**၂၄-၁၁-၂၀၀၈ ရက်နေ့ Plenary Meeting အကြောင်းအရာများ**

၂၅။ ပြုံယမ်းမြို့တော်ရှိ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် မြန်မာ့တပ်မတော် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့နှင့် KPA မှ Chief of General Staff General Kim Gyok Sik ခေါင်းဆောင်သော KPA ကိုယ်စားလှယ်အဖွဲ့တို့သည် Plenary Meeting ကို ရင်းနှီးပွင့်လင်းစွာ ဆောင်ရွက်ခဲ့ကြပါသည်။

၂၆။ ၎င်း Plenary Meeting တွင် မြန်မာတပ်မတော်ဘက်မှ အဖွဲ့ဝင်အားလုံး တက်ရောက်ကြသည်။

၂၇။ ၎င်း Plenary Meeting တွင် KPA ဘက်မှ တက်ရောက်သူ အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) General Pak Jae Gyong, Vice Minister of the People's Armed Forces.

( ခ ) Lt. General Son Sam Sul, Director of the Military Education.

( ဂ ) Maj. General An Yong Gi, Director of the Military External Affairs.

(ဃ) Maj. General Kim Gwan Su, Deputy Commander of Air Force.

( င ) Rear Admiral Ri In Su, Deputy Commander of Navy Force.

၂၈။ မြန်မာ့တပ်မတော်ဘက်မှ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်း က ဆွေးနွေးခဲ့သော အချက်များအား နောက်ဆက်တွဲ(ဂ)ဖြင့်လည်းကောင်း၊ KPA မှ Chief of General Staff General Kim Gyok Sik က ဆွေးနွေးခဲ့သော အချက်များအား နောက်ဆက်တွဲ(ဃ)ဖြင့်လည်းကောင်း ဖော်ပြအပ်ပါသည်။

**၂၅-၁၁-၂၀၀၈ ရက်နေ့ Aircraft Movement Control Post (in tunnel) လေ့လာတွေ့ရှိချက်များ**

၂၉။ တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်လေယာဉ်များ၏ real time information ကို ရေဒါများဖြင့် ထောက်လှမ်းပြီး တွေ့ရှိချက်များကို ကွန်ပျူတာစနစ်သုံး Display Board တွင် အသင့်မြင်တွေ့နိုင်ခြင်းဖြင့်လည်းကောင်း၊ အမျိုးသမီးစစ်သည်များမှ Display Board တွင် ထောက်မှတ်ခြင်း(Plotting) ပြုလုပ်၍လည်းကောင်း မှတ်တမ်းတင်ထားရှိပါသည်။ Display Board ရှေ့တွင် Commander မှထိုင်၍ အနီးကပ်ကြီးကြပ်ညွှန်ကြားနိုင်ပါသည်။ ပထမအခန်းတွင် Manual (လူဖြင့်)ရေးမှတ်သည့် Board တစ်ခု၊ Auto စနစ်ဖြင့် မှတ်တမ်းတင်ထားသည့် Board တစ်ခုထားရှိပါသည်။ ဒုတိယအခန်းတွင် manual (လူဖြင့်)ရေးမှတ်သည့် Board (၉)ခုဖြင့် မှတ်တမ်းတင်ထားရှိပါသည်။ Control Room များအားလုံး မြေအောက်လိုဏ်ဂူထဲတွင် တည်ဆောက်ထားရှိပါသည်။ လိုဏ်အတွင်းခန်းများကို ထောင့်ချိုးကွေ့လမ်းများ၏ ဝဲယာတစ်ဘက်တစ်ချက်စီတွင် ထားရှိပါသည်။ ၎င်းစခန်းမှ (၃၈)ဒီဂရီ မျဉ်းပြိုင်နေရာသို့ ၆၀ ကီလိုမီတာခန့် ကွာဝေးပါသည်။ အသုံးပြုရေဒါများအနေဖြင့် အမြင့် ၁၀၀၀ မီတာရှိပစ်မှတ်ကို ၁၂၇ ကီလိုမီတာအကွာအဝေးမှလည်းကောင်း၊ အမြင့် ၃၀၀၀ မီတာရှိပစ်မှတ်ကို ၁၆၇ ကီလိုမီတာ အကွာအဝေးမှလည်းကောင်း ဖမ်းယူတွေ့ရှိနိုင်ပါသည်။ ၎င်းစခန်း၏ ဥမင်တည်ဆောက်မှုနှင့် စက်ပစ္စည်းတပ်ဆင်မှုများကို စစ်သည်များအင်အားဖြင့်သာ ဆောင်ရွက်ခဲ့ပါသည်။ ဥမင်တူးရာတွင် အသုံးပြုသော ကိရိယာများနှင့် ပတ်သက်၍ ဖြေကြားနိုင်ခြင်းမရှိပါ။ ၁၉၅၀-၅၃ ခုနှစ် ကိုရီးယားစစ်ပွဲကာလတွင် ၎င်းစခန်းအား အသုံးပြု

ခဲ့ပါသည်။ ခေါင်းဆောင်ကြီး ကင်အီဆွန်း မှ လက်ရှိအဆင့်ကဲ့သို့ အဆင့်မီစေရန် ပြုပြင်တည်ဆောက်စေပြီး ၁၉၇၂ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ ၎င်းစခန်းအား ကျေးရွာနှင့်တစ်ဆက်တည်းထားရှိကြောင်း တွေ့ရှိရပါသည်။ စခန်းခြံစည်းရိုးအား သံဆူးကြိုးဖြင့် ကာရံထားပြီး သံဆူးကြိုးအကန့်များတွင် ကြွေသီးများခံထားပါသည်။ လျှပ်စစ်ဓါတ်လွှတ်ထားနိုင်ကြောင်း တွေ့ရှိရပါသည်။

## ၂၅-၁၁-၂၀၀၈ ရက်နေ့ Aircraft Hanger in Tunnel ဥမင်လှိုဏ်အတွင်း တည်ဆောက်ထားသော လေယာဥ်ရုံများအား လေ့လာတွေ့ရှိချက်များ

၃၀။ လေတပ်စခန်း၊ လေယာဥ်ကွင်းတွင် ဆိုဗီယက်လုပ် MIG 21 လေယာဥ်များ၊ MIG 19 လေယာဥ်များအား တွေ့ရှိရပါသည်။ စက်မှုလက်မှုစစ်သည်များ၊ လက်နက်စစ်သည်များ၊ လေယာဥ်အနီးတွင် အလုပ်လုပ်နေသည်ကို တွေ့ရပါသည်။ လေယာဥ်ဆွဲလမ်းတလျှောက် ဘေးတွင် ကွန်ကရစ်ဖြင့် အခိုင်အမာပြုလုပ်ထားသော လေယာဥ်ရုံအချို့တွေ့ရပြီး အပေါ်မှမြေဖို့မြက်စိုက်ထားပါသည်။ ပြုပြင်ထိန်းသိမ်းမှုပြုလုပ်နေသော လေယာဥ်ရုံတစ်ရုံအား မြေပြင်ပေါ်တွင် ပုံမှန်အနေအထားဖြင့် တွေ့ရပါသည်။ လေယာဥ်များ ပုံဖျက်ဖုံးကွယ် ထိန်းသိမ်းထားသော ဥမင်လှိုဏ်၏ အဝင်ဝတွင် ပုံဖျက်ဖုံးကွယ်ခြင်းအနေဖြင့် ပိုက်ကွန်ဖြင့် အပေါ်မှဖုံးအုပ်ထားပါသည်။ ဥမင်တံခါးနှစ်ချပ်အား ကျောက်သားထုဖြင့်တည်ဆောက်ထားပြီး စက်အားဖြင့် အဖွင့်အပိတ်ပြုလုပ်ပါသည်။ လှိုဏ်ဂူအနေဖြင့် အကျယ်(၁၄)မီတာ၊ အမြင့် (၁၀)မီတာနှင့် အရှည်(၆၀၀)မီတာ ရှိပါသည်။ ဥမင်အတွင်း 14x10 မီတာ ပမာဏဖြင့် တောက်လျှောက်တည်ရှိသဖြင့် MIG 21 လေယာဥ်များရပ်ထားပြီး ဝဲယာတစ်ဖက်တစ်ချက်စီတွင် external tank များချထားသည်ကို တွေ့ရပါသည်။ ဥမင်အနေဖြင့် ဖြောင့်တန်းခြင်းမရှိဘဲ ဘယ်ညာကွေ့ဝိုက်ကာ တည်ဆောက်ထားပါသည်။ မီးစက်ခန်း သီးသန့်ထားရှိပါသည်။ ဗဟိုထိန်းချုပ်ခန်းတွင် ရေဒါဖြင့် တွေ့ရှိချက်အား ထောက်မှတ်ခြင်းစနစ်အတိုင်း လေယာဥ်ကွင်း ထိန်းချုပ်ဧရိယာအတွင်း၌ ပစ်မှတ်များအား မှတ်တမ်းတင်ထားရှိပါသည်။ ထိုအခန်းတွင် စစ်ပွဲအတွင်း Commander မှတိုက်ရိုက်ကြီးကြပ်ကွပ်ကဲနိုင်ပါသည်။ ဥမင်အတွင်း လေသူရဲများ အိပ်ဆောင်၊ စစ်သည်များ အိပ်ဆောင်တို့ကို အိပ်ယာပစ္စည်းအပြည့်အစုံ ညီညာစွာခင်းကျင်းလျက် ထားရှိပါသည်။ ဥမင်အတွင်းတွင် သံတံခါးနှစ်ထပ်ထပ်မံပြုလုပ်ထားပြီး စက်အားဖြင့် အပိတ်အဖွင့်ပြုလုပ်ပါသည်။ သံတံခါးအား သံပြားအလုံပိတ်ဖြင့် လှိုဏ်အကျယ်အဝန်းအတိုင်း ပြုလုပ်ထားပြီး အပေါ်သို့ဆွဲယူပိတ်ခြင်း၊ အောက်သို့ခင်းပြီး ဖွင့်ခြင်းပြုလုပ်နိုင်ပါသည်။ ဥမင်အကျယ်အဝန်းအနေဖြင့် ၎င်းနိုင်ငံသုံး တိုက်လေယာဥ်များထားရှိရန် ဝင်ဆန့်မှုရှိပါသည်။

နောက်ဆက်တွဲ ( စ )

## ၂၅-၁၁-၂၀၀၈ ရက်နေ့ သံချပ်ကာတပ်ဖွဲ့ လေ့ကျင့်ရေးဌာနအား လေ့လာရာတွင် တွေ့ရှိချက်များ

၃၁။ မြောက်ကိုရီးယားတပ်မတော် သံချပ်ကာတပ်ဖွဲ့ လေ့ကျင့်ရေး၏ အစိတ်အပိုင်းတစ်ခုဖြစ်သော အခြေခံဘာသာရပ်များဖြစ်သည့် တင့်တိုက်ယာဥ်မှူး(Tank Commander)၊ ယာဥ်မောင်း(Tank Driver)၊ အမြောက်ပစ်သမား (Tank Gunner)တို့ ပူးပေါင်းလေ့ကျင့်နိုင်ရန် စီမံထားသည့် Simulator

သရုပ်ပြသမှုဖြစ်ပါသည်။ တင့်စုပေါင်းလေ့ကျင့်ရေး Simulator တွင် ပါဝင်သော အစိတ်အပိုင်းများမှာ မြောက်ကိုရီးယားနိုင်ငံမှထုတ်လုပ်၍ လက်ရှိမြောက်ကိုရီးယားတပ်မတော်တွင် အသုံးပြုလျှက်ရှိသည့် Chon Ma အမျိုးအစားတင့် တစ်စီးနှင့် ကွန်ပျူတာကွန်ယက်စနစ် တွဲဖက်ပြုလုပ်ထားပါသည်။ ကွန်ပျူတာကွန်ယက်စနစ်တွင် ကွန်ပျူတာ(၂)လုံး၊ Projection Speaker၊ အသံချဲ့စက်၊ အာရုံခံကိရိယာ နှင့် အချက်အလက်ဆက်စပ်ပေးသည့် Interface တို့ပါဝင်ပါသည်။

၃၂။ Simulator ၏လုပ်ဆောင်မှုမှာ ယာဉ်မောင်းသမားနှင့် အမြောက်ပစ်သမားတို့ ကိုင်တွယ်အသုံးပြုသော အထိန်းအချုပ်ကိရိယာများတွင် အာရုံခံကိရိယာ(Sensor)များတပ်ဆင်ပြီး၊ ၎င်းမှာ ကွန်ပျူတာသို့ အချက်အလက်များ ပေးပို့သည့်အတိုင်း တွက်ထုတ်၍ Computer Interface မှ ပေးပို့သည့် အချက်အလက်များအား တစ်ဖန် Electronic Signal သို့ပြောင်းပေးခြင်းဖြင့် တင့်ကားရပ်ထားသော အောက်ခံကြမ်းခင်းပြားအောက်ရှိ Hydraulic System ကိုအလုပ်လုပ်စေပြီး တင့်ကားမောင်းနှင်စဉ် တွေ့ကြုံရမည့် အခြေအနေအတိုင်း အနိမ့်အမြင့်၊ အတိမ်းအစောင်း၊ အလှည့်အပြောင်းများကို ပကတိမြေပြင်တွင် မောင်းနှင်စဉ် လှုပ်ရှားမှုများ၊ အင်ဂျင်သံ အနိမ့်အမြင့်များကိုပါ ဖြစ်ပေါ်စေပါသည်။

၃၃။ တစ်ချိန်တည်းမှာပင် ယာဉ်မောင်းသမား ကြည့်ရှုရမည့် အချက်ပြဒိုင်ခွက်များ လှုပ်ရှားမှုနှင့် ရှေ့မြင်ကွင်းကိုလည်း Projector ဖြင့် ထိုးပြထားပါသည်။ အလားတူ Projector ဖြင့် ထိုးပြထားသော မြင်ကွင်းရှိ ပစ်မှတ်များကို အမြောက်ပစ်သမားမှ ချိန်တွယ်ပစ်ခတ်မှု ပြုလုပ်ပါက ပစ်ချက်၊ ထိချက်များကို မြင်ကွင်းနှင့်ပေါက်ကွဲသံများပါ ဆက်စပ်ဖန်တီးပေးထားသဖြင့် စစ်မြေပြင်တွင် လက်တွေ့ပစ်ခတ်ရသကဲ့သို့ ခံစားမှုဖြစ်ပေါ်စေပါသည်။

၃၄။ ထို့အပြင် လေကြောင်းရန်ကာကွယ်ရေးလက်နက်ဖြစ်သည့် ပုခုံးထမ်းပဲ့ထိန်းဒုံး Igla ကိုလည်း Simulator တွင် တပ်ဆင်ထားသော တင့်ကားပေါ်မှ စီးနင်းလိုက်ပါ၍ မြင်ကွင်းပေါ်ရှိ လေယာဉ်၊ ရဟတ်ယာဉ်များကို လေ့ကျင့်ပစ်ခတ်နိုင်ရန် ဆက်စပ်ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။

၃၅။ တင့်စုပေါင်းလေ့ကျင့်ရေးကို အသုံးပြုလေ့ကျင့်ခြင်းဖြင့် စက်သုံးဆီကုန်ကျမှု၊ ခဲယမ်းကုန်ကျမှု၊ တိုက်ယာဉ်ချို့ယွင်းပျက်စီးမှု၊ တိုက်ယာဉ်အဖွဲ့သားများထိခိုက်မှုများမှသက်သာစေမည့်အပြင် ယာဉ်မောင်းသမား၏လုပ်ဆောင်ချက်များ မှန်ကန်မှု ရှိ/မရှိ၊ လမ်းကြောင်းထိန်းသိမ်းမှု ကောင်း/မကောင်း၊ ဂီယာရွေးချယ်မှု မှန်/မမှန် စသည်တို့ကို ထိန်းချုပ်ရေးအခန်းမှ နည်းပြအပါအဝင် အခြားသင်တန်းသားများပါ အကဲဖြတ်နိုင်ပါသည်။ အလားတူ အမြောက်ပစ်သမား၏ ပစ်ခတ်မှုများ ထိရောက်မှု ရှိ/မရှိနှင့် လေကြောင်းရန်ကာကွယ်ရေး လက်နက်၏ ထိရောက်မှုများပါ လေ့ကျင့်ပေးနိုင်သည့် လေ့ကျင့်ရေး အထောက်အကူပြုပစ္စည်းဖြစ်ပါသည်။

## ၂၆-၁၁-၂၀၀၈ ရက်နေ့ KPA Anti-Aircraft Unit သို့သွားရောက်လေ့လာရာတွင် တွေ့ရှိချက်များ

၃၆။ KPA Anti-Aircraft Unit ရှိ Radar System တစ်ခုလုံးကို မြေကြီးတွင် ကျင်းတူး မြှုပ်နှံထားပြီး အပေါ်မှ အခြမ်းနှစ်ခြမ်းပါအဖုံးဖြင့် ဖုံးအုပ်ထားပါသည်။ ထိုအဖုံးပေါ်တွင် မြေကြီး တင်ထားပြီး ပတ်ဝန်းကျင်တွင် ပေါက်ရောက်နေသော အပင်များအတိုင်းစိုက်ပျိုး၍ ပုံဖျက်ထားပါသည်။ လိုအပ်ပါက ထိုအဖုံးကို မော်တာအားဖြင့်ဖွင့်ပြီး အတွင်းမှ Radar System ကို စက်အားဖြင့် အပေါ်သို့ မြှင့်တင်ပေးပြီး Radar ဖမ်းယူပါသည်။ ပြီးလျှင် Radar ကို ပြန်ချပြီး အဖုံးပြန်ပိတ်လိုက်သည်နှင့် ပုံဖျက် ဖုံးကွယ်မှု ရရှိထားပြီးဖြစ်ပါသည်။

၃၇။ အထက်ပါ Radar နှင့် တစ်ဆက်တစ်စပ်တည်းတွင် လှိုဏ်ခေါင်းကြီး (၁)ခုရှိပြီး ထို လှိုဏ်ခေါင်းတွင် အပေါက် (၄)ပေါက် ဖောက်ထားပါသည်။ အပေါက်တစ်ပေါက်သည် Missile တင် ကားများ၊ လူများ ဝင်/ထွက်သော အပေါက်ဖြစ်ပြီး ကျန် (၃)ပေါက်တွင် တစ်ပေါက်စီ၌ Missile (၄)လုံး တစ်ပြိုင်တည်းပစ်ခတ်နိုင်သော ပစ်စင်တစ်ခု၊ Missile တင်ယာဉ် (၂)စီးစီ အသင့်ရှိနေပါသည်။ ၎င်းတို့ အပြင်မှ သံပြားတံခါးကြီးဖြင့် ပိတ်ထားပါသည်။ Missile ပစ်ခတ်လိုသောအခါ သံတံခါးကြီးကို လျှပ်စစ် မော်တာအားဖြင့်ဖွင့်ပြီး Missile ပစ်စင်ကို မော်တာအားဖြင့် လှိုဏ်ခေါင်းအပြင်သို့ ဆွဲထုတ်ရပါသည်။ ၎င်းနောက် Missile ၏နောက်ကန်ယမ်းမီးဒဏ်ကို ကာကွယ်ရန်အတွက် သံပြားတံခါးကြီးကို ပြန်ပိတ်ပြီး လိုရာသို့ Missile ပစ်ခတ်နိုင်ပါသည်။

၃၈။ ၎င်းတို့နှင့်တစ်ဆက်တည်း လှိုဏ်ခေါင်းအတွင်းတွင် Command Control Vehicle ကား (၁)စီးရှိပါသည်။ ၎င်း Vehicle ဖြင့် ရေဒါမှဖမ်းယူရရှိသော အချက်အလက်များကို စိစစ်ခြင်း၊ Missile ပစ်စင်များကို ပစ်မိန့်ပေးညွှန်ကြားခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ နောက်ဆက်တွဲ (ဆ)

## ၂၆-၁၁-၂၀၀၈ ရက်နေ့ Special Army Unit သို့သွားရောက်လေ့လာရာတွင် တွေ့ရှိချက်များ

၃၉။ ပြုံယမ်းအနီးရှိ အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့ကဲ့သို့သော အင်အား (၁၀၀)ကျော်ရှိသည့် တပ်ဖွဲ့ဖြစ်ပါသည်။ အဖွဲ့လိုက် ကိုယ်ခံပညာကျွမ်းကျင်မှု ပြသခြင်း၊ ကျွမ်းဘားကျွမ်းကျင်မှုပြသခြင်း၊ တစ်ဦးနှင့်တစ်ဦး (သို့)တစ်ဦးနှင့် အများတိုက်ခိုက်မှုသရုပ်ပြခြင်း၊ ဒါး/ တူ/ ခရင်း/ ပုဆိန်/ ရဲဒင်း/ ပေါက်ချွန်းပစ် ကျွမ်းကျင်မှုသရုပ်ပြခြင်း၊ အုတ်/အုတ်ကြွပ်များ ထိုးခွဲမှုစွမ်းရည်ပြသခြင်း၊ တစ်ဦးချင်း (သို့) အဖွဲ့လိုက် ရိုင်ဖယ်/ပစ္စတိုပစ် ကျွမ်းကျင်မှုသရုပ်ပြခြင်းတို့ကို ပြသခဲ့ပါသည်။

## ၂၆-၁၁-၂၀၀၈ ရက်နေ့ Kim Il Military University သို့သွားရောက်လေ့လာရာတွင် တွေ့ရှိချက်များ

၄၀။ သင်တန်းသားများအနေဖြင့် ဒုတိယဗိုလ်မှူးကြီးနှင့်အထက် အရာရှိကြီးများ တက်ရောက် ရသောနေရာဖြစ်ပါသည်။ ပြတိုက်အတွင်း တိုက်ခိုက်ရေးယာဉ်များ၊ တင့်ကား၊ သံချပ်ကာ ကားများ၊ အမြောက်၊ စိန်ပြောင်း၊ လောင်ချာ၊ လက်နက်ငယ်၊ ဗုံးသီးများ၊ ဒုံးများကို ပြသထားပါသည်။ သင်တန်းသား များအနေဖြင့် သဲမြေပုံတိုက်ပွဲလေ့ကျင့်ခန်း လေ့ကျင့်နေသည်ကို တွေ့ရှိခဲ့ပါသည်။ ရန်သူ့သတင်းမှတ်တမ်း

ခန်းတွင် ရန်သူနိုင်ငံ ခြေလျင်/လေတပ်/ရေတပ်ဌာနချုပ်နေရာများ၊ အုပ်ချုပ်ထောက်ပံ့မှု ဆက်သွယ်ရေး အဓိကနေရာများ၊ လက်နက်ကြီးနေရာများကို မှတ်တမ်းတင်ထားပါသည်။ ရန်သူအမေရိကန်တပ်များ၏ တပ်ဖြန့်ချထားရှိပုံများလည်း ပြုစုမှတ်တမ်းတင်ထားပါသည်။

**၂၆-၁၁-၂၀၀၈ ရက်နေ့ KPA အမျိုးသမီးတပ်ဖွဲ့အား လေ့လာရာတွင် တွေ့ရှိချက်များ**

၄၁။ ပြုံယမ်းမြို့ရှိ အသက် (၁၈)နှစ်မှ (၂၆)နှစ်ကြား အမျိုးသမီး(အပျို)များ စုဖွဲ့လေ့ကျင့်ထား သောစစ်သမီးတပ်ဖွဲ့ ဖြစ်ပါသည်။ သင်တန်း(၄)လတက်ပြီး (၆)နှစ်တာဝန်ထမ်းဆောင်ရပါသည်။ လက်ရှိ တပ်ခွဲအင်အား (၈၀)ကျော်ခန့်ရှိပါသည်။ ထိုတပ်ခွဲရှိ အမျိုးသမီး လေကြောင်းရန်ကာကွယ်ရေးအတွက် လေယာဉ်ပစ် (၁၄.၅)မမ စက်သေနတ်(၆)လက်ဖြင့် လေ့ကျင့်ပြသမှုကို လေ့လာခဲ့ရပါသည်။ ထို့နောက် အင်အား (၃၀)ပါ အမျိုးသမီးအဖွဲ့၏ တေးဂီတဖျော်ဖြေပွဲကို ကြည့်ရှုအားပေးခဲ့ရပါသည်။

**၂၇-၁၁-၂၀၀၈ ရက်နေ့ Anti-aircraft Gun Ammunition Factory အားလေ့လာခြင်း**

၄၂။ Anti-aircraft Gun Ammunition Factory အား Underground Tunnel အတွင်း တည်ဆောက်ထားပါသည်။ Tunnel သည် တောင်ကုန်းအောက်(၁၀၀)မီတာတွင်ရှိပြီး N.B.C Protection ရရှိအောင် တည်ဆောက်ထားပါသည်။ စက်ရုံတွင် အောက်ပါ Anti-aircraft Gun Ammunition များ ထုတ်လုပ်ပါသည် -

(က) 57 mm HE.T Shell

(ခ) 37 mm HE.T Shell

(ဂ) 30 mm AA Shell

(ဃ) Pilot Bullet စက်ရုံအတွင်း Shell Machining Line, Tool Production Line, Press and Forging Shop, Card ridge Production Line များအား လေ့လာခဲ့ရပါသည်။

**၂၇-၁၁-၂၀၀၈ ရက်နေ့ Anti-tank laser beam Guidance Missile Factory အားလေ့လာရာတွင် တွေ့ရှိချက်များ**

၄၃။ စက်ရုံအား Underground Tunnel အတွင်း တည်ဆောက်ထားပါသည်။ စက်ရုံအား ၁၉၇၃ ခုနှစ်မှ ၁၉၇၆ ခုနှစ်အတွင်း တည်ဆောက်ပြီးစီးခဲ့ပါသည်။ Tunnel အား NBC Protection ရရှိအောင် တည်ဆောက်ထားပါသည်။ စက်ရုံစတင်ထူထောင်စဉ်က Optical Product များ စတင်ထုတ်လုပ်ခဲ့ပြီး နောက်ပိုင်းတွင် Anti-tank Missile များထုတ်လုပ်ခဲ့ခြင်းဖြစ်ပါသည်။

၄၄။ Anti-tank Laser beam Guidance Missile သည် အချင်း(၁၂၀)မီလီမီတာရှိပြီး တာဝေး (၃၀၀၀)မီတာအထိ ပစ်ခတ်နိုင်ပါသည်။ Tunnel အတွင်း Component ထုတ်လုပ်မှု စက်ပိုင်းများအား လေ့လာကြည့်ရှုခဲ့ပြီး Tunnel ပြင်ပစက်ရုံအဆောက်အဦများအတွင်း Gyro Assembly စက်ရုံ၊ Printed Circuit Board (PCB) ထုတ်လုပ်သည့်စက်ရုံ၊ Launcher Testing အလုပ်ရုံများအား ကြည့်ရှုလေ့လာခဲ့ပါသည်။ Anti-Tank Laser beam Guidance Missile အား (၂၀၀၀)မီတာ အကွာအဝေးရှိ (၂x၂)မီတာ ပတ်လည်ပစ်မှတ်ကို လက်တွေ့စမ်းသပ်ပစ်ခတ်မှုအား ကြည့်ရှုလေ့လာခဲ့ရာ ပစ်မှတ်အား ထိရောက်စွာ ပစ်ခတ်နိုင်ကြောင်း တွေ့ရှိရပါသည်။

**၂၇-၁၁-၂၀၀၈ ရက်နေ့ Radar and Igla Missile Factory အား လေ့လာရာတွင် တွေ့ရှိချက်**

၄၅။ စက်ရုံအား Underground Tunnel အတွင်း တည်ဆောက်ထားပြီး NBC Protection စနစ်ပြုလုပ်ထားပါသည်။ စက်ရုံအတွင်း Modification ပြုလုပ်ထားသော ရုရှားနှင့် တရုတ် Search Radar များ၊ ECM ကိရိယာများ၊ GPS Jammer များ၊ Tunner များအား ကြည့်ရှုလေ့လာခဲ့ပါသည်။

၄၆။ ထုတ်လုပ်မှု စက်လိုင်းများအနေဖြင့် Radar နှင့် Printed Circuit Board (PCB)ထုတ်လုပ်တပ်ဆင်မှုများ၊ Igla Missile အစိတ်အပိုင်းများ ထုတ်လုပ်မှုများအား ကြည့်ရှုလေ့လာခဲ့ပါသည်။

**၂၈-၁၁-၂၀၀၈ ရက်နေ့ Surface to Surface Missile Factory အားသွားရောက်လေ့လာရာတွင် တွေ့ရှိချက်များ**

၄၇။ ပြုံယမ်းမြို့ဆင်ခြေဖုံးနေရာတွင် တည်ရှိပါသည်။ SCUD Missile များ ထုတ်လုပ်သည့် စက်ရုံဖြစ်ပါသည်။ Component ထုတ်လုပ်မှုစက်လိုင်းများအား Underground Tunnel အတွင်း ထားရှိပါသည်။ ဆက်လက်၍ On Ground ရှိ Missile Engine တပ်ဆင်သည့် အလုပ်ရုံ၊ Missile Body ထုတ်လုပ်တပ်ဆင်သည့်အလုပ်ရုံ၊ Missile Complete တပ်ဆင်သည့် အလုပ်ရုံများအား လေ့လာကြည့်ရှုခဲ့ပါသည်။ Missile Complete အလုပ်ရုံများတွင် SCUD-D နှင့် SCUD-E ထုတ်လုပ်တပ်ဆင်နေရာများအား ကြည့်ရှုလေ့လာခဲ့ရပါသည်။ SCUD-D သည် ကွာဝေး(၇၀၀)ကီလိုမီတာအထိ၊ SCUD-E သည် ကွာဝေး (၁၅၀၀) ကီလိုမီတာအထိနှင့် SCUD-F သည် အကွာအဝေး (၃၀၀၀)ကီလိုမီတာအထိ ပစ်ခတ်နိုင်ကြောင်း သိရှိရပါသည်။

**၂၈-၁၁-၂၀၀၈ ရက်နေ့ USS Pueblo အား လေ့လာတွေ့ရှိချက်**

၄၈။ မြောက်ကိုရီးယားနိုင်ငံက ဖမ်းဆီးထိန်းသိမ်းထားခဲ့သည့် အမေရိကန်နိုင်ငံမှ USS Pueblo (AGER-2)ရေယာဉ်အား ပြုံယမ်းမြို့ရှိ မြစ်ကမ်းနားတွင် ဆိုက်ကပ်ထားသည်ကို သွားရောက်လေ့လာခဲ့ရပါသည်။ အမေရိကန်ရေတပ်သည် ၎င်းရေယာဉ်အား ၁၉၄၄ ခုနှစ်တွင် Wisconsin ပြည်နယ်ရှိ Kewaunee မြို့တွင် အမေရိကန်ကြည်းတပ်၏ ကုန်တင်ရေယာဉ် (FP-344)အဖြစ် ဆောက်လုပ်ခဲ့ပြီး ၁၉၆၆ ခုနှစ်တွင် အမေရိကန်ရေတပ်သို့ လွှဲပြောင်းပေးခဲ့၍ USS Pueblo အမည်ပြောင်းလဲခေါ်ဝေါ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

၄၉။ ၎င်းရေယာဉ်ပေါ်တွင် ရေယာဉ်ဖမ်းဆီးခံခဲ့ရခြင်း သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို Video ဖြင့် ပြသပါသည်။ ၁၉၆၇ ခုနှစ် နိုဝင်ဘာလတွင် Pueblo ရေယာဉ်သည် အီလက်ထရောနစ်ပိုင်းဆိုင်ရာ ထောက်လှမ်းရေးသတင်းအချက်အလက်များ ရယူစုဆောင်းရန်နှင့် သီးခြားတာဝန်များဆောင်ရွက်ရန် အကြောင်းပြချက်ဖြင့် ထွက်ခွာလာခဲ့ပါသည်။ ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် ဂျပန်နိုင်ငံ Sasebo ရေတပ်စခန်းမှ ထပ်မံထွက်ခွာလာခဲ့ပြီး ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် မြောက်ကိုရီးယားနိုင်ငံ အရှေ့ဘက်ကမ်းခြေမှ (၁၅)မိုင်အကွာသို့အရောက်တွင် ဒေသဆိုင်ရာတပ်ဖွဲ့များမှ တိုက်ခိုက်ဖမ်းဆီးခြင်း ခံခဲ့ရပါသည်။ မြောက်ကိုရီးယားတို့၏ ပစ်ခတ်တိုက်ခိုက်ဖမ်းဆီးမှုကြောင့် USS Pueblo ရေယာဉ်မှ စစ်သည်တစ်ဦး သေဆုံးခဲ့ပြီး ရေယာဉ်မှ အရာရှိ/စစ်သည် (၈၂)ဦးမှာ မြောက်ကိုရီးယားနိုင်ငံတွင် တစ်နှစ်နီးပါးခန့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီးမှ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါသည်။ အမေရိကန်တို့အနေဖြင့် ရေကြောင်းတိုင်းတာရေး သုတေသနပြုလုပ်ရန် ရေကြောင်းသတင်းအချက်အလက်များရရှိရန် သွားလာခြင်းသာဖြစ်ကြောင်း အကြောင်းပြခဲ့ပါသည်။

၅၀။ ၎င်းနောက် ရေယာဉ်တစ်စီးလုံးသို့ လှည့်လည်ပြသရာ ဆက်သွယ်ရေးစက်မျိုးစုံထားရှိရာအခန်း၊ အသံသွင်းတိတ်ခွေမျိုးစုံ ထားရှိရာအခန်း၊ စစ်ရေယာဉ် အရာရှိ/စစ်သည် ရိပ်သာခန်း၊ စစ်ရေယာဉ်မှူးနှင့် အရာရှိများအိပ်ခန်း၊ ရေယာဉ်မောင်းနှင်ထိန်းသိမ်းကိုင်တွယ်မှုဆိုင်ရာ စနစ်များထားရှိရာ ရေယာဉ်ပဲ့စင်များနှင့် ရေယာဉ်ဦးပိုင်း၊ အလယ်ပိုင်း၊ ပဲ့ပိုင်းတို့အား လေ့လာကြည့်ရှုခဲ့ရပါသည်။ ရေယာဉ်တွင် ဒီဇယ်အင်ဂျင်အသုံးပြုစက်မကြီး (၂)လုံးတပ်ဆင်ထားရှိပြီး ရေယာဉ်အလေးချိန် (၈၅၀)တန်ရှိပါသည်။

၅၁။ ၎င်း USS Pueblo ရေယာဉ်အား Wonsan နှင့် Hungham ဆိပ်ကမ်းမြို့တို့တွင် နှစ် (၃၀)ခန့် အများပြည်သူများ ကြည့်ရှုနိုင်ရန် ပြသထားပြီးမှ ပြုံယမ်းမြို့ရှိ Taedong River အတွင်းသို့ ပြခန်းအဖြစ် ပြောင်းရွှေ့ပြသဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

## ၃၀-၁၁-၂၀၀၈ ရက်နေ့ PLA ၏ အမှတ်(၆)သံချပ်ကာတပ်မ (The 6th Armour Division) သို့ သွားရောက်လေ့လာ တွေ့ရှိချက်များ

၅၂။ အမှတ်(၆)သံချပ်ကာတပ်မသည် ပေကျင်းစစ်ဒေသ ပေကျင်းမြို့တော်မြောက်ဘက် ၄၀ ကီလိုမီတာခန့်အကွာ Nang Kou မြို့တွင် တည်ရှိပါသည်။ သံချပ်ကာတပ်မဌာနချုပ်သို့ ၀၈၄၀ နာရီခန့်တွင် ရောက်ရှိပါသည်။ အမှတ်(၆)သံချပ်ကာတပ်မမှ တပ်မမှူး Senior Colonel Cheng Xie Wu နှင့် အရာရှိများမှ ကြိုဆိုခဲ့ပါသည်။ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အတူ အလေးပြုခံစင်မြင့်၌ နေရာယူခဲ့ပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့် စစ်တီးဝိုင်းမှ အလေးပြုခြင်း ခံယူခဲ့ပါသည်။ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးခြင်း၊ ဂုဏ်ပြု

တပ်ဖွဲ့မှ အမြန်လျော့က်ဖြင့် ချီတက်အလေးပြုခြင်း ခံယူပြီးနောက် ဌာနချုပ်ခန်းမအတွင်း သံချပ်ကာတပ်မမှူးမှ တပ်မ၏သမိုင်းကြောင်းကို အောက်ပါအချက်များဖြင့် အပိုင်း(၅)ပိုင်းခွဲ၍ ရှင်းလင်းပါသည် -

(က) Organization and Equipment

(ခ) Officers and Soldiers

(ဂ) Military Training

(ဃ) Logistic Support

(င) Technical Support

၅၃။ အမှတ်(၆) သံချပ်ကာတပ်မအနေဖြင့် ၁၉၆၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ပေကျင်းစစ်ဒေသ ကွပ်ကဲမှုအောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး တပ်မတော်၏ အဓိကတာဝန်မှာ ပေကျင်းမြို့တော် လုံခြုံရေးနှင့် လှုပ်ရှားစစ်ဆင်ရေးများ ဆင်နွှဲရန်ဖြစ်ကြောင်း သံချပ်ကာတပ်မ ကွပ်ကဲမှုအောက်တွင် အောက်ပါအတိုင်း တပ်ရင်းကြီး(၅)ရင်း ဖွဲ့စည်းထားပါသည် -

(က) သံချပ်ကာတပ်ရင်းကြီး ၃ ရင်း၊

(ခ) အမြောက်တပ်ရင်းကြီး ၁ ရင်း၊

(ဂ) လေကြောင်းရန်ကာကွယ်ရေးတပ်ရင်းကြီး ၁ ရင်း၊

၅၄။ ထို့အပြင် သံချပ်ကာတပ်မ၌ သီးခြား Support and Logistic တပ်များလည်း ဖွဲ့စည်းထားရှိကာ အင်အားစုစုပေါင်း ၈၀၀၀ ကျော် ပါဝင်ပါကြောင်းနှင့် သံချပ်ကာတပ်မသည် ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့ စစ်ရေးပြအခမ်းအနား၌ တင့်ကားများနှင့် ပါဝင်ချီတက်ခဲ့ကြောင်း ရှင်းလင်းပြောကြားပါသည်။

၅၅။ **စက်လက်နက်ပစ္စည်းများ**။ တပ်ဆင်ထားမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) Type - 88 B Tank

(ခ) Type - 89 Armoured Personnel Carrier

(ဂ) Type - 89 122 mm Self-propelled Howitzer

(ဃ) Type - 88 37 mm Twin-barrel and self-propelled Gun

(င) Type - 89 122 mm Self-propelled rocket Launcher

(စ) Type - 89 152 mm Self-propelled Common-howitzer

၅၆။ သံချပ်ကာတပ်မတွင် ကင်းထောက်ခြင်း၊ ဆက်သွယ်ရေး၊ အင်ဂျင်နီယာ၊ ဓါတုကာကွယ်ရေး၊ လေကြောင်းရန်ကာကွယ်ရေးနှင့် အုပ်ချုပ်ထောက်ပံ့မှုတပ်များ ပြည့်စုံစွာ ဖွဲ့စည်းထားပါသည်။

၅၇။ **Officers and Soldiers** ။ အရာရှိနှင့်စစ်သည်များ တာဝန်ပေးခန့်အပ်ခြင်းအား အောက်ပါအတိုင်း ရွေးချယ်ခန့်အပ်ပါသည် -

(က) **အရာရှိများ** ။ အရာရှိရွေးချယ်ပုံစနစ်မှာ နည်းလမ်း(၃)ခုရှိပါသည် -

(၁) တစ်နိုင်ငံလုံး စစ်သည်များမှ တပ်မတော်အဆင့် ကျင်းပသော ဗိုလ်လောင်း ရွေးချယ်ရေးစာမေးပွဲ အောင်မြင်သူများ ဗိုလ်သင်တန်းတက်စေ၍ အရာရှိဖြစ်ခြင်း။

(၂) တက္ကသိုလ်မှ အထူးပြုဘွဲ့ရရှိသူများထဲမှ တပ်မတော်အရာရှိရွေးချယ်ခြင်း။

(၃) လုပ်သက်ရင့်ထူးချွန်ထက်မြက် စွမ်းရည်ရှိသူ အခြားအဆင့် စစ်သည်များထဲမှ ရွေးချယ်ခန့်အပ်ခြင်း။

(ခ) **အခြားအဆင့် NCOs** ။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် PLA တွင် မိမိဆန္ဒအလျောက် Voluntary Service အဖြစ် ၂ နှစ်စာချုပ်ဖြင့် တာဝန်ထမ်းဆောင်ကြပြီးနောက် တပ်မတော်တွင် တာဝန်ထမ်းဆောင်လိုပါက ထပ်မံ၍လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုကာ အခြားအဆင့်ဖြင့် တာဝန်ထမ်းဆောင်ရပါသည်။ Voluntary Soldiers အဖြစ် စာရင်းသွင်းပြီး အခြေခံစစ်ပညာ ၂ လ သင်တန်းတက်ပြီးနောက် တပ်ဖွဲ့လိုက်သင်တန်း ၈ လ ဆက်လက်တက်ရောက်ပြီးမှသာ တိုက်ခိုက်ရေး တပ်ရင်းများတွင် တာဝန်ပေးအပ်ပါသည်။

၅၈။ **Military Training** ။ သံချပ်ကာတပ်မတွင် တစ်နှစ်လျှင် အနည်းဆုံး ၁၃၂ ရက်၊ တစ်ရက်လျှင် ၈ နာရီလေ့ကျင့်ရပါသည်။ နှစ်ပတ်လည် စစ်ရေးလေ့ကျင့်မှုတွင် အောက်ပါအတိုင်း လေ့ကျင့်ရပါသည် -

(က) Enlistment Training

(ခ) Professional Training

(ဂ) Unit Training

(ဃ) Combined Tactics Training

၅၉။ **Logistic Support** ။ သံချပ်ကာတပ်မအတွက် အုပ်ချုပ်ထောက်ပံ့မှုတပ်ဖွဲ့များ သီးခြားဖွဲ့စည်းထားရှိပါသည်။ တင့်၊ သံချပ်ကာများ မောင်းနှင်စဉ် ဆီဖြည့်ခြင်း၊ စစ်လက်နက်ထောက်ပံ့ခြင်း၊ ဆေးအကာအကွယ်ပေးခြင်း၊ စစ်တန်းလျားများတွင် ခင်းကျင်းမှု၊ ချက်ပြုတ်ရေးယာဉ်ဖြင့် ချက်ပြုတ်ကျွေးမွေးပုံ၊ စစ်မြေပြင်ရွက်ဖျင်တဲများဖြင့် လေ့ကျင့်ပုံများကို Projector ဖြင့် ရှင်းလင်းပြသပါသည်။

၆၀။ **Technical Support** ။ သံချပ်ကာတပ်မတွင် ပြင်ဆင်ရေးတပ်ရင်း တစ်ရင်းပါရှိပြီး အလတ်စားပြင်ဆင်ခြင်း၊ စစ်မြေပြင်အရေးပေါ် ပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ပါသည်။ အလားတူလက်အောက်ခံတပ်ရင်းကြီး အဆင့်များ၌လည်း အသေးစားပြင်ဆင်မှု၊ ပစ္စည်းအစားထိုးလဲလှယ်

တပ်ဆင်မှု၊ အရေးပေါ်ပြင်ဆင်ခြင်းများအတွက် အလုပ်ရုံတပ်ခွဲများ ဖွဲ့စည်းထားပါသည်။ စစ်သုံးလက်နက်ခဲယမ်းများကိုလည်း ကြံ့ခိုင်ထိန်းသိမ်းရေးအဖွဲ့များမှ အမှန်တကယ် အသုံးပြုရန် သင့်/မသင့် အရည်အသွေးကို စစ်ဆေး၍ အမြဲတမ်းအသင့်ရှိနေစေရန် ဆောင်ရွက်ပေးပါသည်။ သံချပ်ကာတပ်မ အနေဖြင့် တိုက်ပွဲဝင်အသင့် ဖြစ်စေရန်နှင့် တိုက်စွမ်းရည်မြင့်မားရေး အမြဲဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေမှာလည်း PLA ၏ အစဥ်အလာကောင်းများနှင့်အညီ စွမ်းဆောင်ရည် မြင့်မားရေး၊ ခေတ်မီစေရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

၆၁။ သံချပ်ကာတပ်မမှူးမှ ရှင်းလင်းပြောကြားပြီးနောက် သိလိုသည်များ မေးမြန်းရန်ရှိပါက မေးရန်ပြောကြားသဖြင့် ဗိုလ်မှူးချုပ် လှမြင့် မှ သံချပ်ကာစစ်သည်များအတွက် သံချပ်ကာ အခြေခံဘာသာရပ်များဖြစ်သော ယာဥ်မောင်း၊ အမြောက်ပစ်နှင့် ဆက်သွယ်ရေးဘာသာရပ်များကို မည်သို့လေ့ကျင့်ပေးသည်ကို မေးမြန်းခဲ့ရာ သံချပ်ကာတပ်မမှူးမှ စစ်အခြေခံသင်တန်း ၂ လပြီးနောက် တပ်ဖွဲ့ကျွမ်းကျင်မှုဆိုင်ရာများ (၈)လလေ့ကျင့်ပေးကြောင်း၊ အခြေခံဘာသာရပ်များ ကျွမ်းကျင်ပြီးမှသာ တပ်ရင်းများသို့ တာဝန်ထမ်းဆောင်ရန် စေလွှတ်ကြောင်းနှင့် တပ်ရင်းတွင်လည်း တာဝန်ပေးအပ်မှုအရ ထပ်မံလေ့ကျင့်ရသကဲ့သို့ စုပေါင်းပူးတွဲလေ့ကျင့်မှုများ ပါဝင်ဆောင်ရွက်ရကြောင်း ရှင်းလင်းပါသည်။ အရာရှိများလေ့ကျင့်ရေးနှင့်ပတ်သက်၍လည်း အရာရှိများအတွက် တာဝန်အလိုက် သီးခြားလေ့ကျင့်ပေးသကဲ့သို့ ပူးတွဲစုပေါင်းလေ့ကျင့်ခြင်းများကိုလည်း လေ့ကျင့်ရပါသည်။ ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်မှ တင့်ကားများ မောင်းနှင်ပစ်ခတ်လေ့ကျင့်ခြင်းတွင် Simulator ဖြင့် လေ့ကျင့်ပေးမှုအခြေအနေကို မေးမြန်းခဲ့ရာ အမှတ်(၆)သံချပ်ကာတပ်မလေ့ကျင့်ရေးတွင် Simulator ဖြင့် လေ့ကျင့်ပေးရန်ကြိုးစား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ အပြည့်အဝမဟုတ်သည့်တိုင် ၄၀ ရာခိုင်နှုန်းအထိ Simulator ဖြင့် လေ့ကျင့်ပေးနိုင်ကြောင်း၊ ယခု သွားရောက်လေ့လာမည့် အမှတ်(၂၁)သံချပ်ကာတပ်ရင်းကြီးတွင်လည်း Simulator ဖြင့် လေ့ကျင့်နေသည်ကို ပြသသွားမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မော်တော်ယာဥ်များဖြင့် အမှတ်(၂၁) သံချပ်ကာတပ်ရင်းသို့ သွားရောက်ခဲ့ပါသည်။

၆၂။ အမှတ်(၂၁)သံချပ်ကာတပ်ရင်းကြီးတွင် သံချပ်ကာတပ်ရင်းမှူး Colonel Xu Le မှကြိုဆိုခဲ့ပြီးနောက် သံချပ်ကာတပ်ရင်း၌ Simulator များဖြင့် လေ့ကျင့်နေမှုအား ပြသပါသည်။ တပ်ရင်းအဆင့်၊ တပ်ခွဲအဆင့်၊ တပ်စုအဆင့် စစ်မြေပြင်တွင် ဆောင်ရွက်ကြရသော လုပ်ငန်းစဥ်များကို တိုက်ယာဥ်တစ်စီးချင်းရှိ တိုက်ယာဥ်မှူး(Commander)အမြောက်ပစ်(Gunner)များအထိ ဆက်သွယ်အမိန့်ပေး၍ အမြောက်ပစ်သမားများက ရန်သူ့တင့်ကားများကို ချိန်တွယ်ပစ်ခတ်ခြင်းများအထိ ဆောင်ရွက်လေ့ကျင့်နိုင်ပါသည်။ ကွပ်ကဲမှုတိုက်ယာဥ်များရှိ မြေပုံတွင် ရန်သူ၊ မိမိတပ်အခင်းအကျင်းများ ကွန်ပျူတာဖြင့် ပုံဖော်လေ့ကျင့်နိုင်ကြောင်း၊ ထို့မြင်ကွင်းကိုပင် Projector အသုံးပြု၍ အများကြည့်ရှုနိုင်အောင် စီစဥ်ထားပေးခြင်းဖြင့် ဆောင်ရွက်မှုများ မှန်ကန်မှုကိုပါ စစ်ဆေးနိုင်ကြောင်း တွေ့ရှိရပါသည်။

၆၃။ ထို့နောက် သံချပ်ကာတပ်ရင်းရှိ တပ်ခွဲအလိုက် စစ်သည်အိပ်ဆောင်များမှ တပ်ခွဲတစ်ခု၏ အိပ်ဆောင်အား သွားရောက်လေ့လာကြပါသည်။ စစ်သည်အိပ်ဆောင်မှာ ၃ ထပ် အဆောက်အဦ ဖြစ်ပြီး အခန်းတစ်ခန်းတွင် အရာရှိ/စစ်သည် ၁၆ ဦး နေထိုင်ပြီး တပ်စုတစ်စုအတွက် ၂ ခန်းစီစဥ်ထားပါသည်။ စစ်သည်တစ်ဦးချင်းအတွက် ကုတင်၊ ဘီရိုများ စနစ်တကျထားပေးပြီး တပ်ခွဲအစည်းအဝေးခန်း၊ စာသင်ခန်း၊ အပန်းဖြေခန်းနှင့် စာဖတ်ခန်းများ စီစဥ်ပေးထားပြီး မီးပူတိုက်ရန်၊ ဆံသရန်အခန်းများ၊ အားကစားလေ့ကျင့်ရန် ပစ္စည်းများ၊ ပင်ပေါင်၊ ဘိလိယက်ခုံများပါ စနစ်တကျ စီစဥ်ပေးထားပါသည်။ တပ်ခွဲတွင် အရာရှိ/စစ်သည် စုစုပေါင်း ၁၀၃ ဦး နေထိုင်ပါသည်။

၆၄။ စစ်သည်အိပ်ဆောင်မှတစ်ဆင့်တပ်ခွဲတွင်ရှိသော တိုက်ယာဥ်အမျိုးအစား(၆)မျိုးအား တစ်စီးစီ လေ့လာနိုင်ရန် အောက်ပါအတိုင်း ခင်းကျင်းပြသထားပါသည် -

(က) Type - 88 B Tank (၁)စီး၊

( ခ ) Type - 89 Armoured 122 mm Self-propelled Howitzer (၁)စီး၊

( ဂ ) Type - 89 APC (၁)စီး၊

(ဃ) Type — 89 152 mm Self-propelled Common-howitzer (၁)စီး၊

( င ) Type - 89 37 mm Twin-barrel (၁)စီး၊

( စ ) Type - 89 122 mm Self-propelled rocket Launcher (၁)စီး၊

၆၅။ တိုက်ယာဥ်များအား လေ့လာပြီးနောက် သံချပ်ကာတပ်ရင်းမှူးအား ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှတ်တရလက်ဆောင် ပေးအပ်ကာ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။

**ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့တွင် လေ့လာခဲ့မှုအပေါ် အင်ဂျင်နီယာဆိုင်ရာ တွေ့ရှိချက်များ**

၆၆။ **အဆောက်အဦ**။ DPRK ကိုရီးယားနိုင်ငံ ခေါင်းဆောင်ကြီး၏ ဆေးရည်စိမ်ရုပ်ကလာပ် ထားရှိရာ အဆောင်ကို လေ့လာခဲ့ရာ အဆောက်အဦပုံစံနှင့် လျှပ်စစ်မီးတပ်ဆင်ထားမှုများ၊ လေပေးစနစ်များ လွန်စွာကောင်းမွန်သည်ကို တွေ့ရပါသည်။ ကြီးမားသော သစ်သားတံခါးကြီးများကို ရုပ်ကလာပ် ထားရှိရာ အဆောင်သို့သွားရာလမ်းတလျှောက် တပ်ဆင်ထားပြီး မြင့်မားကျယ်ပြန့်သော စကြ်န်လျှောက်လမ်းများ၊ ကျောက်လှေခါးကြီးများ၊ အထူးသဖြင့် မြင်ကွင်းကို Slide မီးများဖြင့် နေရာမျိုးစုံမှ အလင်းအမှောင်ညှိ၍ ဖန်တီးထားသည်ကိုလည်း တွေ့ရပါသည်။ ခေါင်းဆောင်ကြီး ကင်အီဆွန်းထံ နိုင်ငံပေါင်းမြောက်များစွာမှပေးပို့ထားသော ဂုဏ်ပြုဆုတံဆိပ်များ၊ အထိမ်းအမှတ် မှတ်တမ်းများကို ပြုစုပြသထားသည်ကိုတွေ့ရပါသည်။ ဗိမာန်သို့ သွားသည့် ထူးခြားသော အပြင်အဆင်များအနေဖြင့် ပုံမပျက်ဆေးရည်စိမ်ထားသော ရုပ်ကလာပ်နှင့် ခမ်းနားသော အဆောက်အဦ၊ ထူးဆန်း၍ပညာပါသော မီးအလင်းအမှောင် ချိန်၍ပေးထားသော Power Supply System နှင့် စနစ်ကျသပ်ရပ်သော Air conditioning System တို့ကိုလည်း တွေ့ရှိရပါသည်။

၆၇။ **စက်ရုံများနှင့် Store များ။** စစ်လက်နက်စွည်းထုတ်လုပ်သည့် စက်ရုံများ၊ Communication Command Post အဆောက်အဦ၊ ရေတပ်မတော် စစ်သင်္ဘောများထားရှိရန်နှင့် လေတပ်မတော် စစ်လေယာဉ်များ ထားရှိရန်အတွက် တည်ဆောက်ထားသော ဥမင်အဆောက်အဦများသို့ သွားရောက်လေ့လာခဲ့ရာ ထားရှိအသုံးပြုလိုသည့် ရည်ရွယ်ချက်နှင့် ထားရှိလိုသည့် ယာဉ်ပမာဏများအပေါ် မူတည်၍ ဥမင်အရွယ်အစား၊ အဆောက်အဦအပေါ်ရှိ Defensive Layer အထူ၊ ဖုံးကွယ်မှုနည်းစနစ်၊ တည်ဆောက်မှုနည်းပညာနှင့် Power Supply System, Ventilation System များ ခြားနားမှုရှိသည်ကို တွေ့ခဲ့ရပါသည်။

၆၈။ **Underground Metro in Capital Pyongyang of DPRK**

(က) DPRK နိုင်ငံ ပြုံယမ်းမြို့တစ်မြို့ထဲတွင်သာ ဖောက်လုပ်ထားသော underground metro နှင့်ဆိုင်သော အချက်အလက်များအနေဖြင့် မြေအောက်ရထားသို့ ပို့လွှတ်ပေးရသည့် ဗို့အားပမာဏမှာ (၈၂၅)ဗို့ဖြစ်ပြီး မြေအောက်ဓါတ်အားခွဲရုံများသို့ high voltage transmission line voltage (၁၀၀၀၀)ဗို့အားဖြင့် ချိတ်ဆက်ပေးမည်ဖြစ်ပါသည်။ မြေအောက်ရထားအတွက် အသုံးပြုမည့် ဗို့အားသို့နှိမ့်ချရန် တပ်ဆင်ရမည့် (step-down) ထရန်ဖော်မာ အမျိုးအစားမှာ (10/0.825)KV (dry type) ဖြစ်ပါသည်။ မြေအောက်ဘူတာတစ်ခုတွင်သုံးမည့် ဓါတ်အားပမာဏမှာ (4 MW)ခန့် သုံးစွဲမည်ဖြစ်ပြီး ဘူတာများတွင် တပ်ဆင်သုံးစွဲမည့် Lighting System, Power supply နှင့် escalator စသည်တို့ အပါအဝင်ဖြစ်ပါသည်။

(ခ) ပြုံယမ်းမြို့ရှိ မြေအောက်ရထားလမ်းလိုင်း (၂)ခုပေါင်း အရှည် (၄၅)ကီလိုမီတာရှိပြီး ဘူတာပေါင်း(၁၀၀)ဝန်းကျင်တွင် တည်ရှိပြီး မြို့အတွင်းတွင် မြေအောက်ရထားလမ်းသည် အပေါ်သို့ တက်ရောက်မောင်းနှင်ခြင်းမရှိဘဲ အကြီးစားပြုပြင်ဖွယ်ရှိမှသာ အပေါ်သို့တက်ပြင်လေ့ရှိကြောင်း သိခဲ့ရပါသည်။ Ventilation System ကို လေဝင်လေထွက်ကောင်းမွန်စေရန် ရထားမောင်းနှင်သည့်အရှိန်ဖြင့် natural ventilation သာမက ventilation fan များကိုလည်း မီတာ(၅၀၀)ခန့်စီတိုင်းတွင် တစ်ခုနှုန်းဖြင့် တပ်ဆင်ထားပါသည်။ မြေအောက်ရထားအတွက် communication system အနေဖြင့် ဘူတာရုံတစ်ခုနှင့်တစ်ခုသော်လည်းကောင်း၊ Main communication center ဖြင့် သော်လည်းကောင်း၊ External telecommunication system ဖြင့်သော်လည်းကောင်း ချိတ်ဆက်အသုံးပြုနိုင်ရန် Cable စနစ်သုံး၍ စီစဥ်ထားရှိပါသည်။

(ဂ) Fire detecting system သာရှိပြီး မီးမတော်တဆလောင်ပါက အလိုအလျောက်ငြိမ်းသတ်ပေးသော automatic fire fighting system တပ်ဆင်မထားသည်ကို တွေ့ရပါသည်။ လုံခြုံရေးစနစ် အနေဖြင့်လည်း CCTV watching camera

system ကိုပင် ရာနှုန်းပြည့်သုံးစွဲထားခြင်း မရှိသည်ကို တွေ့ခဲ့ရပါသည်။ Traffic control system အနေဖြင့် ပြုံယမ်းမြို့ မြေအောက်ရထားလမ်းမှာ လိုင်း(၂)ခုသာ ရှိပြီး တစ်နေရာထဲသာ(မြေပုံတွင်) ဖြတ်သွားမှုရှိ၍ traffic system မှာ များစွာ ရှုပ်ထွေးမှု မရှိသေးကြောင်း၊ လိုင်းနှစ်လိုင်းမဖြတ်ခင် တစ်ဘက်တစ်ချက် မြေအောက် ရထားလိုင်းပေါ်ရှိ ဘူတာများတွင် sub-communication centre များသီးခြားရှိပြီး main communication centre နှင့်လည်းကောင်း၊ မြေပေါ်မှ ပင်မဆက်သွယ်ရေး network များနှင့်လည်းကောင်း ချိတ်ဆက်အသုံးပြုနိုင်ကြောင်း သိရပါသည်။ ဘူတာ (၁၇)ခုတွင်ရှိသော ဝင်ထွက်ပေါက်များနှင့် အချို့ ventilation hole များကို မြေအောက်လိုင်းဖြင့် ဆက်သွယ်ထားသော်လည်း စစ်ဖြစ်ပါက nuclear, biology and chemical weapon များဖြင့် တိုက်ခိုက်ခံရပါက protection system ကို စီမံပြုလုပ်ထားခြင်း မရှိကြောင်းသိရပါသည်။

(ဃ) ပြုံယမ်းမြေအောက်ရထားလမ်း၏ ဘူတာများကို ၁.၅ မှ ၂ ကီလိုမီတာလျှင် တစ်ခုစီ ပျမ်းမျှ ထားရှိကြောင်းသိရပါသည်။ မြေအောက်ရထားလမ်း၏ သံလမ်းနှစ်ခု အကျယ်မှာ မြေပေါ်နှင့် အတူတူပင် ဖြစ်ပြီး ၁.၄၃၂ မီတာရှိကြောင်း သိရပါသည်။ မြေပေါ်နှင့် မြေအောက်ရထားလမ်းများ ဆက်သွယ်သုံးနိုင်ရန်မှာ ရထားသံလမ်း အကျယ်နှင့် တွဲအရွယ်အစားပေါ် များစွာမူတည်ပါသည်။ ရထားတွဲ၏အရွယ်အစားမှာ အရှည် (၁၅)မီတာ၊ အမြင့်(၃.၅)မီတာနှင့် အကျယ်(၂.၅)မီတာဖြစ်ပြီး သာမန်အချိန် တွင် တွဲတစ်တွဲအတွင်း လူပေါင်း(၁၅၀)ထိ လိုက်နိုင်ကြောင်း သိရှိခဲ့ပါသည်။ ရထား တစ်စင်းတွင် တွဲလေးတွဲပါသည်ဖြစ်၍ တစ်ခေါက်လျှင် လူပေါင်း ၆၀၀ ခန့် လိုက်ပါ နိုင်ကြောင်း သိရပါသည်။ ရထား၏အမြန်ဆုံး မောင်းနှင်နိုင်မှုအရှိန်မှာ တစ်နာရီလျှင် ၈၀ ကီလိုမီတာဖြစ်ကြောင်းသိခဲ့ရပါသည်။ မနက်(၆)နာရီမှည(၁၀)နာရီထိ မြေအောက် ရထားပြေးဆွဲပေးပြီး နေ့စဥ်ရထားကြံ့ခိုင်မှုကို ရထားကိုသာမက ရထားလမ်းကိုလည်း စစ်ဆေးအတည်ပြုပြီး ပြေးဆွဲကြောင်းသိရပါသည်။

(င) မြေအောက်ရထားလမ်းအတွက် လျှပ်စစ် power source ကို Hydro နှင့် Thermal မှ နှစ်သွယ်ပို့လွှတ်ပေးပြီး အချိန်နှင့် အခြေအနေမရွေး ဓါတ်အားပြတ်တောက်မှု မရှိ ရထားပြေးဆွဲနိုင်စေရန် စီစဥ်ထားသည်ကို တွေ့ရပါသည်။ ဥမင်တည်ဆောက်ခြင်း ဆိုင်ရာများဖြစ်သော မြေပုံမြေပြင်အနေအထားအရ လမ်းကြောင်းရွေးပုံ၊ ဖောက်လုပ် မည့် Team ဖွဲ့စည်းပုံ၊ အသုံးပြုမည့်ပစ္စည်း၊ ကြာမြင့်မည့်အချိန်၊ ကုန်ကျခန့်မှန်း တွက်ချက်ခြင်းတို့ကို ပြန်လည်အသေးစိတ် ရှင်းပြပေးမည်ဖြစ်ကြောင်း ပြောကြားကြပါ သည်။

၆၉။ **Underground Metro in Capital Beijing of China**

(က) တရုတ်နိုင်ငံ၏ မြေအောက်ရထားလမ်း ဖွဲ့စည်းတည်ဆောက်ထားပုံမှာ စုစုပေါင်း (၈)လိုင်းရှိပြီး ဘူတာရုံပေါင်း (၁၂၃)ခု ရှိပါသည်။ စုစုပေါင်းလမ်းအရှည်မှာ (၁၉၈.၆) ကီလိုမီတာ ရှည်လျားပါသည်။ လိုင်းအမှတ်စဉ်များအနေဖြင့် (၁၊ ၂၊ ၄၊ ၅၊ ၈၊ ၉၊ ၁၀ နှင့် ၁၃)တို့ဖြစ်ပါသည်။ လိုင်းနံပါတ် (၈)နှင့် (၁၀)သည် ၂၀၀၈ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး လိုင်းအမှတ်(၁၀)အတွက် စုစုပေါင်းကုန်ကျငွေမှာ ယွမ်(၁၃.၇) ဘီလီယံ ဖြစ်ပါသည်။ လိုင်းအမှတ်(၇)နှင့်(၁၄)မှာ တည်ဆောက်ဆဲဖြစ်ပြီး ၂၀၀၈ ခုနှစ် ကုန်ခန့်တွင် ပြီးစီးမည်ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် လျာထားစီမံချက်မှာ ယွမ်ငွေ ဘီလီယံပေါင်း (၂၄၀)ထပ်မံရင်းနှီးမြှုပ်နှံကာ တည်ဆောက်မည်ဖြစ်ကြောင်း သိခဲ့ရပါသည်။ ၂၀၁၅ ခုနှစ် အရောက်တွင် မြေအောက်ရထားလိုင်းပေါင်း (၁၉)ခုအထိ ရှိစေရန် ရည်မှန်းထားပြီး လမ်းအရှည်ပေါင်း (၅၆၁)ကီလိုမီတာအထိ ရောက်ရှိနိုင်ရန် စီမံချက်ချ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိခဲ့ရပါသည်။

(ခ) နှစ်နိုင်ငံ မြေအောက်ရထားလမ်း စီမံကိန်းများ၏ ခြားနားချက်များမှာ ငွေကြေး သုံးစွဲနိုင်မှုနှင့် နည်းပညာအပေါ်မူတည်၍ ကွာခြားသွားရာ မြေအောက်ရထား စီမံကိန်းများတွင် ထည့်သွင်းစဉ်းစား၍ မိမိတို့လိုလားချက်အတိုင်း စီမံချက်များချကာ ရေရှည်ဆောင်ရွက်သွားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

၇၀။ **မြေအောက်ရထားလမ်းဆိုင်ရာ နှိုင်းယှဉ်ချက်များ။** မြောက်ကိုရီးယားနိုင်ငံ၊ ပြုံယမ်းမြို့နှင့် တရုတ်နိုင်ငံ၊ ပေကျင်းမြို့တို့တွင် တွေ့ရှိခဲ့ရသော မြေအောက်ရထားလမ်းဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| အမျိုးအမည် | နိုင်ငံ | |
|---|---|---|
| | မြောက်ကိုရီးယား (ပြုံယမ်း) | တရုတ် (ပေကျင်း) |
| လူဦးရေ | (၆)သန်းကျော် | (၁၅)သန်း ခန့်မှန်း |
| မြေအောက်အနက် | ပျမ်းမျှ မီတာ(၁၀၀) | ပျမ်းမျှ မီတာ(၃၀) |
| လိုင်းအရေအတွက် | (၂)လိုင်း | (၈)လိုင်း |
| ဘူတာအရေအတွက် | (၁၇)ခု | (၁၂၃)ခု |
| စုစုပေါင်းအရှည် | (၄၅)ကီလိုမီတာ | (၁၉၈.၆)ကီလိုမီတာ |
| ပို့လွှတ်လျှပ်စစ်ဗို့အား | (၈၂၅)ဗို့ | - |
| လေပေးမှုစနစ် | One fan per 500 မီတာ | - |
| Traffic Control System | Inidividual for each station And main control center | - |
| Fire Fighting System | မရှိပါ | တပ်ဆင်ထားပါသည် |
| CCTV Watching System | မရှိပါ | တပ်ဆင်ထားပါသည် |

**သုံးသပ်တင်ပြချက်**

၇၁။ **မြန်မာ့တပ်မတော်နှင့် KPA တို့သည် နှစ်ဦးနှစ်ဘက် အကျိုးဖြစ်ထွန်းစေမည့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ(MoU)အပေါ် သုံးသပ်ချက်**

(က) နှစ်နိုင်ငံ တပ်မတော်တို့သည် စစ်ဘက်ဆိုင်ရာ ပညာရပ်များ သင်ကြားရေးနှင့် လေ့ကျင့်ရေး တို့တွင် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ မြန်မာ့တပ်မတော်ဘက်မှ အထူးတပ်ဖွဲ့ဆိုင်ရာ လေ့ကျင့်ရေး၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးဆိုင်ရာလေ့ကျင့်ရေး၊ ဥမင်လှိုဏ်ခေါင်းစစ်ဆင်ရေးဆိုင်ရာလေ့ကျင့်ရေး၊ လေကြောင်းရန်ကာကွယ်ရေးဆိုင်ရာ လေ့ကျင့်ရေးနှင့် နှစ်နိုင်ငံ ဘာသာစကား သင်ကြားရေးတို့ကို ဦးစားပေးလေ့ကျင့် သင်ကြားသွားရန် အဆိုပြုသည်။

(ခ) နှစ်နိုင်ငံတပ်မတော်တို့သည် လေယာဉ်နှင့် သင်္ဘောများထားရှိမည့် ဥမင်လှိုဏ်ခေါင်းများ၊ အခြားစစ်ဘက်ဆိုင်ရာ အဆောက်အဦများစသည့် မြေအောက်အဆောက်အဦများဆောက်လုပ်ရာတွင် အကူအညီပေးပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။ နှစ်နိုင်ငံတပ်မတော်တို့သည် လက်နက်နှင့် စစ်ပစ္စည်းကိရိယာများ ခေတ်မီအဆင့်မြင့်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အတွေ့အကြုံများဖလှယ်ခြင်း ဆောင်ရွက်မည်ဖြစ်သောကြောင့် မြန်မာ့တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ သွားရောက်လေ့လာရသော ရည်ရွယ်ချက်အောင်မြင်နိုင်သည်ဟု သုံးသပ်ရပါသည်။

၇၂။ **တပ်မတော်(ရေ)ဆိုင်ရာ သုံးသပ်ချက်**

(က) မိမိနိုင်ငံတွင် တည်ဆောက်လျှက်ရှိသည့် ရေယာဉ်အတိုင်းအတာနှင့် ရွယ်တူဖြစ်သော Nam Po Ship Design and Institute Office မှ တည်ဆောက်ရောင်းချမည့် Coast Guard with 2500 ton ရေယာဉ်အား လေ့လာခဲ့ပါသည်။ ၎င်းစစ်ရေယာဉ်အတိုင်းအတာများအနေဖြင့် အလျား ၁၀၈ မီတာ၊ အနံ ၁၃.၃ မီတာ၊ ရေစူး ၈.၂ မီတာဖြစ်ပြီး weapon system များမှာ Integrated weapon system ဖြစ်ပြီး အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

(၁) Information Collecting Units

(၂) Command and Control System

(၃) Anti-Ship missile system

(၄) **Artillery weapon System.**

(ကက) 76 mm cheal purpose boat automatic gun weapon system.

(ခခ) 30 mm 6 barrel boat automatic anti-aircraft gun system

(ဂဂ) 14.5 mm 6 barrel anti-aircraft gun system

(၅) **Under water weapon system**

(ကက) 533 mm Torpedo

( ခ ခ ) 252 mm depth charge rocket system

( ဂ ဂ ) Large depth charge and mine

(၆) Electronic Warfare weapon system ( 82 mm decoy launcher )

( ခ ) အထက်ပါလေ့လာခဲ့သည့် DPRK မှ ထုတ်လုပ်မည့် ရေယာဉ်တွင် တပ်ဆင်ထားသော လက်နက်ပစ္စည်းများသည် ရေကြောင်းရန်သူ၊ ရေပြင်ရန်သူ၊ ရေအောက်ရန်သူ မျိုးစုံအားပစ်ခတ်နိုင်သည့် ခေတ်မီလက်နက်နှင့် လက်နက်စနစ်များပါဝင်ပြီး အချို့လက်နက်များအား ပိုမိုစွမ်းရည်ထက်မြက်သည့် လက်နက်နှင့် ဒုံးပျံများ ပြောင်းလဲတပ်ဆင်ပြုလုပ်ခြင်းကို ပြုလုပ်ရန်လိုအပ်ပါသည်။ Poly ကုမ္ပဏီမှ တည်ဆောက်လျက်ရှိပါသည်။

( ဂ ) တရုတ်နိုင်ငံတွင် Frigate နှင့်ပတ်သက်၍ လေ့လာစုံစမ်းခွင့်ရခဲ့ပါသည်။ ၎င်းရေယာဉ်အမျိုးအစားမှာ Missile Frigate Type 053H1 ဖြစ်ပြီး အလျား ၁၀၃.၃၂ မီတာရှိသဖြင့် မိမိနိုင်ငံတွင် တည်ဆောက်လျက်ရှိသော Frigate အမျိုးအစားနှင့် အကျယ်ကွာဟမှုမရှိဘဲ တန်ချိန်မှာ ၁၉၆၀ တန်သာရှိပါသည်။ ၎င်း Type 053H1 တွင် တပ်ဆင်ထားသော လက်နက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) Dual barrel 100 mm main gun (2)nos

(၂) Dual barrel 37 mm AA gun (4)nos

(၃) 5 barrel 250 mm anti-submarine Rocket launcher

(၄) SY-1 SSMs missile

(၅) Command and control system

(၆) Electronic warfare weapon system (923-1 decoy launcher)

(ဃ) မိမိနိုင်ငံတွင် တည်ဆောက်ခဲ့သော်လည်း Frigate စစ်ရေယာဉ်နှင့် နှိုင်းယှဉ်လျှင် ၎င်းရေယာဉ်တွင် မူလတပ်ဆင်မည့် SY-1 missile အား အဆင့်မြင့်တင်သည့်အနေဖြင့် C802 SSM (120)km ဖြစ်ကြောင်း စုံစမ်းသိရှိရပါသည်။ ၎င်းတို့ Frigate သည် မိမိတို့ထက် အရွယ်၊ တန်ချိန်သေးငယ်ခြင်း၊ Torpedo ရေပြင်ရေအောက်ရန်သူကိုချေမှုန်းနိုင်သည့် လက်နက်များမပါ၍ ခေတ်မီအဆင့်မြင့်စေရေး လက်နက်များ ပြောင်းလဲတပ်ဆင်ရန် လိုအပ်ပါမည်။

( င ) မိမိတို့တွင် လက်ရှိအသုံးပြုနေသော C801 A missile နှင့် Director ဆက်စပ်ပစ္စည်းများသည် ၁၉၉၄ ခုနှစ်မှ ဝယ်ယူခဲ့ပြီး ချို့ယွင်းမှုများဖြစ်ပေါ်နေသဖြင့် အပိုပစ္စည်းများ

ဝယ်ယူရန်မေးမြန်းရာ ထုတ်လုပ်မှုသက်တမ်းပြည့်ပြီးဖြစ်၍ အပိုပစ္စည်း ဆက်လက်မထုတ်တော့ရာ ၎င်းပစ္စည်းများ ပြင်ဆင်ပေးနိုင်ရေးအတွက် တပ်မတော်သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုကော်မတီတွင်တင်ပြ၍ တီထွင်ထုတ်လုပ်ပေးနိုင်ပါက အစားထိုးပြင်ဆင် အသုံးပြုသွားမည်ဖြစ်ပါသည်။

(စ) ယခုခရီးစဉ်သည် တပ်မတော်(ရေ)၌ ရေယာဉ်ဟောင်းများအား အဆင့်မြှင့်တင်မှုပြုလုပ်ရေး၊ တပ်မတော်(ရေ)ခေတ်မီစေရေး၊ စစ်ရေယာဉ်သစ်များ ဝယ်ယူနိုင်ရေး၊ သတင်းစုဆောင်းလေ့လာမှုပြုခဲ့ရသော ခရီးစဉ်ဖြစ်ပါ၍ တပ်မတော်(ရေ)အတွက် တန်ဖိုးရှိ အကျိုးဖြစ်ထွန်းသော ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၇၃။ **တပ်မတော်(လေ)ဆိုင်ရာ သုံးသပ်ချက်**

(က) တပ်မတော်(လေ)မှ လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်း အသီးသီးရှိ လေယာဉ်ရုံများအနေဖြင့် မြေပြင်ပေါ်တွင်သာ တည်ဆောက်ထားရှိရာ မျက်မြင်တိုက်ခိုက်ပစ်ခတ်ခြင်းနှင့် ဗုံးကြဲတိုက်ခိုက်ခြင်းများ ခံရပါက ထိခိုက်ပျက်စီးနိုင်ပါသည်။ နမ့်စန်၊ မြိတ်၊ တံတားဦးဒေသတို့တွင် အချို့လေယာဉ်ရုံများအား တောင်စောင်းဖြို၍ တည်ဆောက်ထားသဖြင့် ရှေ့မျက်နှာစာတစ်ဘက်မှသာ တိုက်ရိုက်ပစ်ခတ်မှု ခံရနိုင်ပါသည်။ ကျန်မျက်နှာစာများတွင် တောင်စောင်းမှ အကာအကွယ်ပေးထားနိုင်ပါသည်။ သို့သော် ၎င်းလေယာဉ်ရုံများသည်လည်း ဗုံးကြဲတိုက်ခိုက်ခံရပါက ထိခိုက်ပျက်စီးနိုင်ပါသည်။

(ခ) လေယာဉ်ရုံအတွင်း အမျိုးအစားတူ ရဟတ်ယာဉ်များကို သာမန်အခြေအနေတွင် ထားရှိလေ့ရှိရာ လေယာဉ်ရုံ ထိခိုက်ပျက်စီးပါက လေယာဉ်ရုံ အတွင်း၌ရှိသော လေယာဉ်၊ ရဟတ်ယာဉ်များပါ ထိခိုက်ပျက်စီးနိုင်ပါသည်။

(ဂ) သို့အတွက် လေယာဉ်ရုံအား ဗုံးဒဏ်ခံနိုင်ရည်ရှိစေရန် အပေါ်မှ အမာခံပစ္စည်းများ ဖုံးအုပ်ထားရှိခြင်း သို့မဟုတ် လေယာဉ်တစ်စီးဆန့် လေယာဉ်ရုံများ ဖြန့်ခွဲထားရှိခြင်းတို့ဆောင်ရွက်နိုင်ပါသည်။ အမေရိကန်နိုင်ငံလုပ် GBU-28 လေဆာရောင်ခြည်သုံး၊ ဘန်ကာဖျက်ဗုံးအနေဖြင့် မီတာ (၃၀)ခန့်အထိ ထိုးဖောက်နိုင်ပါသည်။

(ဃ) ဥမင်လှိုဏ်ဖြင့် လေယာဉ်များထားရှိခြင်းသည် ငွေကုန်ကြေးကျ များသော်လည်း လုံခြုံစိတ်ချရမှု အရှိဆုံးဖြစ်ပါသည်။

(င) လေ့လာခဲ့သောနိုင်ငံရှိ ဥမင်လှိုဏ်အတွင်း MIG-21 တိုက်လေယာဉ်များ ထားရှိမှုကို လေ့လာခဲ့ရာ၌ ဥမင်လှိုဏ်အနေဖြင့် အလျား ၁၄ မီတာ၊ အမြင့် ၁၀ မီတာ ရှိပါသည်။ MIG-21 (တရုတ်နိုင်ငံလုပ် ပုံစံတူ F-7)တိုက်လေယာဉ်အနေဖြင့် အလျား ၇.၁ မီတာ၊ အမြင့် ၄ မီတာ ရှိပါသည်။ ဥမင်လှိုဏ်နံရံဘေး တစ်ဘက်တစ်ချက်စီတွင် အပိုဆီတိုင်ကီ (Drop Tank)များ ချထားသည်ကိုတွေ့ရပြီး နေရာလုံလောက်မှု ရှိပါသည်။

(စ) တပ်မတော်(လေ)ရှိ MIG-29 တိုက်လေယာဉ်အနေဖြင့် အလျား ၁၁.၃ မီတာ၊ အမြင့် ၄.၇ မီတာရှိပါသည်။ A-5 တိုက်လေယာဉ်အနေဖြင့် အလျား ၉.၇ မီတာ၊ အမြင့် ၄.၅ မီတာ ရှိပါသည်။

(ဆ) ရန်သူများ လှည့်စားနိုင်ရန်အတွက် လေယာဉ်၊ ရဟတ်ယာဉ်အတု ပုံစံတူများချထားခြင်း၊ လေယာဉ်ရုံအတု ဖန်တီးထားခြင်းတို့ကိုလည်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃၄။ **လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ဆိုင်ရာ သုံးသပ်ချက်**

(က) DPRK နိုင်ငံ၊ ကိုရီးယားပြည်သူ့တပ်မတော်အနေဖြင့် ပိုင်နက်နယ်နိမိတ် တစ်ဆက်တစ်စပ်တည်း တည်ရှိနေသည့် တောင်ကိုရီးယားနိုင်ငံအတွင်း အခိုင်အမာ အခြေပြုထားသော အမေရိကန်တပ်ဖွဲ့များ၏ လေကြောင်းကျူးကျော်မှု အန္တရာယ်ကိုရင်ဆိုင်ချေမှုန်းနိုင်ရန် တိုက်ပွဲဝင်အသင့် ၂၄ နာရီပြင်ဆင်ထားရှိကြောင်း တွေ့ရှိရပါသည်။

(ခ) တာတိုပစ် Igla Missile၊ 107 mm MRLS၊ 240 mm MRLS လက်နက်စနစ်၊ တာလတ်ပစ် Volga နှင့် Pechora လက်နက်စနစ်များကို အခိုင်အမာ မြေအောက်ဘန်ကာများဖြင့် တိုက်ပွဲဝင်အသင့် ခင်းကျင်းစုဖွဲ့ထားကြောင်း တွေ့ရှိရပါသည်။ 107mm MRLS၊ 122 mm MRLS၊ 240 mm MRLS လက်နက်စနစ်များ၏ လေကွဲကျည်အသုံးပြုပြီး Carpet Fire ဖျာခင်းသည့် အနေအထားဝင်ရောက်လာမည့် ရန်သူ့လေယာဉ်အား အလွန်ထိရောက်ကြောင်း တွေ့ရှိရပါသည်။

(ဂ) နယ်စပ်မျဉ်းတစ်လျှောက်အပါအဝင် ကိုရီးယားကျွန်းဆွယ် ပင်လယ်ပြင်ဘက်မှ ဝင်ရောက်နိုင်သည့် ရန်သူအားမျှော်မှန်း၍ အနိမ့်ပျံ Low Altitude၊ အလယ်အလတ်နှင့် အမြင့်ပျံ Medium Altitude၊ ပေ ၁၀၀၀၀ အထက် High Altitude ပစ်မှတ်အမျိုးမျိုးအား တစ်ချိန်တည်း တစ်ပြိုင်တည်း ကြိုတင်သတိပေး Radar များမှ ဖမ်းယူရရှိရန်နှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ပစ်ခတ်ချေမှုန်းရန် တိုက်ပွဲဝင်အသင့်ဖြစ်မှုအနေအထားမှာ လေ့လာအတုယူဖွယ် အဆင့်မီကြောင်း တွေ့ရှိရသည်။

(ဃ) အမိန့်ပေးကွပ်ကဲမှုစနစ်ဌာနချုပ် (Headquarter)၊ လက်နက်စနစ်များ၊ ရေဒါစနစ်များအားလုံး မြေအောက်တွင် အခိုင်အမာထားရှိပြီး တိုက်ပွဲဝင်မည့် တပ်ဖွဲ့ဝင်များမှာလည်း မြေအောက်တွင် ၂၄ နာရီအသင့် အနေအထားစုဖွဲ့ထားရှိကြောင်း တွေ့ရှိရသည်။

(င) လေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့များ၏ ပုံဖျက်မှု၊ ဖုံးကွယ်မှု မြေအောက်ဘန်ကာစနစ်များမှာ လက်တွေ့အလွန်ထိရောက်မှု အနေအထားရှိကြောင်း တွေ့ရှိရပါသည်။

(စ) မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့နှင့် လေတပ်၏ အခန်းကဏ္ဍအားပေါင်းစည်းပြီး ခိုင်မာသောလေကြောင်းရန် ကာကွယ်ရေးစနစ်(Integrated Air Defence System)တည်ဆောက်ထားရှိကြောင်း တွေ့ရှိရပါသည်။

(ဆ) ပြည်သူ့စစ်ဟာဗျူဟာအသွင်ဖြင့် စစ်သမီးများအပါအဝင် အရွယ်ရောက်သော အရပ်ဘက်အမျိုးသမီးများကိုလည်း လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အတွင်း တိုက်ပွဲဝင်နိုင်အောင် လေ့ကျင့်ပြင်ဆင်ထားရှိကြောင်း တွေ့ရှိရပါသည်။

(ဇ) မိမိတို့မြန်မာ့တပ်မတော်အနေဖြင့် KPA ၏ လေကြောင်းရန်ကာကွယ်ရေး တိုက်ပွဲဝင်စွမ်းရည်အား လေ့လာအတုယူပြီး လက်နက်စနစ်များအပါအဝင် နှစ်ဘက်တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ပြီး မိမိတပ်မတော်၏ စွမ်းရည်အား မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ကြောင်း သုံးသပ်ရရှိပါသည်။

(ဈ) လေ့ကျင့်ရေးပိုင်းအနေဖြင့် Theoretical Training သီအိုရီပိုင်းဆိုင်ရာ လေ့ကျင့်ရေးနှင့် နည်းပညာပိုင်းဆိုင်ရာ လေ့ကျင့်ရေး Technical Training အပါအဝင် Tactical Training နည်းဗျူဟာရပ်ဆိုင်ရာ လေ့ကျင့်ရေးများကို တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မိမိလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့၏ စွမ်းရည်နှင့် လက်တွေ့တိုက်ပွဲဝင်အသင့်ဖြစ်မှုအား မြှင့်တင် အကောင်အထည်ဖော်တည်ဆောက်သွားရန်လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၇၅။ **Anti-tank laser beam guidance missile factory ဆိုင်ရာ သုံးသပ်ချက်**။ မြန်မာ့တပ်မတော်တွင် ခြေလျင်တပ်သုံး Unguidance တင့်ဖျက်လက်နက်များဖြစ်သည့် RPG နှင့် RCL ဒုံးပစ်လောင်ချာများ တပ်ဆင်ထားရှိပါသည်။ Anti-tank laser beam guidance missile သည် အလေးချိန် ၂၆ ကီလိုဂရမ်သာ လေးပြီး စစ်သည် ၃ ယောက်ဖြင့် ဒုံးကျည် ၄ တောင့်အား သယ်ဆောင်ပစ်ခတ်နိုင်သဖြင့် ခြေလျင်တပ်များတပ်ဆင်ပြီး ပဲ့ထိန်းဒုံးကျည်များဖြင့် ရန်သူ့သံချပ်ကာနှင့် တင့်ကားများအား တာဝေး ၃၀၀၀ မီအထိ ထိရောက်စွာ ချေမှုန်းနိုင်မည်ဖြစ်သည်။ Laser guidance စနစ်အား အသုံးပြုထားသဖြင့် ရန်သူမှထောက်လှမ်း၍ ပဲ့ထိန်းစနစ်အား ချေဖျက်ရန် ခက်ခဲပါသည်။ Anti-tank laser beam guidance missile အား ယာဥ်ပေါ်တင်၍ သံချပ်ကာတပ်မများနှင့်အတူ ခြေလျင်၊ တင့်ပူးပေါင်းစစ်ဆင်မှုတွင် အသုံးပြုနိုင်မည် ဖြစ်ပါသည်။

၇၆။ **Radar and Igla missile factory ဆိုင်ရာ သုံးသပ်ချက်**။ စက်ရုံမှထုတ်လုပ်သော Jammer များသည် Non-lethal warfare နှင့် Electronic warfare အတွက် များစွာအသုံးဝင်ပါသည်။ အဆိုပါ Jammer များဖြင့် Passive Defense ပြုလုပ်နိုင်ပါမည်။ ခေတ်သစ်စစ်ပွဲများအတွက် Radar နှင့် Jammer များသည် များစွာအသုံးဝင်မည်ဖြစ်၍ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ထုတ်လုပ်သွားသင့်ပါသည်။

၇၇။ **Surface to surface missile factory ဆိုင်ရာ သုံးသပ်ချက်**။ SCUD-D သည် ၇၀၀ ကီလိုမီတာနှင့် SCUD-F သည် ၃၀၀၀ ကီလိုမီတာအထိ ပစ်ခတ်နိုင်သော မဟာဗျူဟာဒုံးလက်နက်များ ဖြစ်ပါသည်။ သို့ဖြစ်၍ သင့်လျော်သည့်အချိန်တွင် အဆိုပါမဟာဗျူဟာ လက်နက်များကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်ထုတ်လုပ်သွားသင့်ပါသည်။

၇၈။ **သံချပ်ကာတပ်ဖွဲ့ဆိုင်ရာ သုံးသပ်ချက်**

(က) ယခုသွားရောက်ခဲ့သော မြောက်ကိုရီးယားတပ်မတော် သံချပ်ကာတပ်ဖွဲ့နှင့် တရုတ်ပြည်သူ့တပ်မတော်ရှိ သံချပ်ကာတပ်ဖွဲ့များ၏ လေ့ကျင့်ရေးပိုင်းဆိုင်ရာများကို လေ့လာခွင့်ရရှိသည့် အတိုင်းအတာအရ မြောက်ကိုရီးယားနိုင်ငံမှ တီထွင်ထုတ်လုပ်သော Simulator မှာ လက်ရှိသုံးတင့်ကားကို ကွန်ပျူတာနှစ်လုံးဖြင့် ဆက်စပ်၍ တီထွင်အသုံးပြုထားခြင်း ဖြစ်ပါသည်။ တရုတ်ပြည်သူ့တပ်မတော်၏ Simulator လေ့ကျင့်မှုမှာ တပ်ရင်းရှိ အရာရှိစစ်သည် အဆင့်အတန်းအားလုံး စုပေါင်းလေ့ကျင့်ရန် စီစဉ်ထားသည့် Simulator များဖြစ်ပါသည်။ မြောက်ကိုရီးယားတပ်မတော်သုံး Simulator မှာ တင့်တစ်စီးချင်းအတွက် အထူးကောင်းမွန်အောင် အလေးပေးထားသဖြင့် တင့်ကားမောင်းနှင်ခြင်းနှင့် အမြောက်ပစ်ခတ်မှုအတွက် အခြေခံဘာသာရပ်ကို အလေးပေးထားပါသည်။ တရုတ်ပြည်သူ့တပ်မတော် အနေဖြင့် အရာရှိများနှင့် တိုက်ယာဉ်များဆက်စပ်ပြီး စစ်ဆင်မှုလေ့ကျင့်ရေးကို ဆောင်ရွက်နိုင်သဖြင့် အခြေခံအဆင့် ကျွမ်းကျင်ပြီးသော အရာရှိစစ်သည်များ စုပေါင်းလေ့ကျင့်ရေးကို ဦးစားပေးထားကြောင်း တွေ့ရှိရပါသည်။

(ခ) သံချပ်ကာတပ်ဖွဲ့ ခေတ်မီတိုးတက်ရေးအတွက် တပ်ဖွဲ့ဆိုင်ရာ လေ့ကျင့်ရေးတွင် ၁၉၉၁ ခုနှစ်အတွင်း ဝယ်ယူခဲ့သော တရုတ်လုပ် Tank driving simulator နှင့် Tank gunnery simulator များမှာ ယခင်အမြောက်နှင့် သံချပ်ကာယန္တရားသင်တန်းကျောင်း၌ အသုံးပြုခဲ့သော်လည်း ပြန်လည်ပြုပြင်ပြီးမှသာ အသုံးပြုနိုင်မည် ဖြစ်ပါသည်။ ယူကရိန်းနိုင်ငံမှ ဝယ်ယူထားသော Simulator သာ မိတ္ထီလာမြို့ရှိ အမှတ်(၅၀၀၁)တင့်ကားတပ်ရင်း၌ တပ်ဆင်အသုံးပြုလျက်ရှိရာ သံချပ်ကာယန္တရားသင်တန်းကျောင်းတွင် Simulator များတပ်ဆင်လေ့ကျင့်နိုင်ခြင်း မရှိသေးပါ။ သံချပ်ကာစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အဆင့်အထိ လေ့ကျင့်ရေး Simulator များ တပ်ဆင်အသုံးပြုပါသည်။ ယခုလက်ရှိအခြေအနေတွင် သံချပ်ကာယန္တရားသင်တန်းကျောင်း၌ Simulator များ ဦးစားပေးထားရှိသင့်ပါသည်။

(ဂ) ပထမအဆင့်အနေဖြင့် သံချပ်ကာယန္တရားသင်တန်းကျောင်း၌ သံချပ်ကာစစ်သည်များ၏ အခြေခံတတ်ကျွမ်းရမည့် ယာဉ်မောင်းဘာသာရပ်၊ အမြောက်ပစ်ခတ်မှုဘာသာရပ်များ ပူးတွဲလေ့ကျင့်နိုင်သည့် မြောက်ကိုရီးယားလုပ် Simulator အားနည်းပညာပိုင်းရယူ၍ မိမိတို့တီထွင်ထုတ်လုပ်နိုင်ရေးအတွက် ဦးစွာဆောင်ရွက်သင့်ပါသည်။ တစ်ချိန်တည်းမှာပင် အရာရှိအဆင့်နှင့် စုပေါင်းလေ့ကျင့်ရေးအတွက် တရုတ်နိုင်ငံတွင် အသုံးပြုလျက်ရှိသော Simulator များကိုလေ့လာ၍ ဒုတိယအဆင့်အနေဖြင့် ထုတ်လုပ်တပ်ဆင်သင့်ကြောင်း သုံးသပ်ရပါသည်။ ယခုအခါ သံချပ်ကာပြင်ဆင်ရေး ပင်မအလုပ်ရုံအား စတင်တည်ဆောက်လျက်ရှိရာ စက်ရုံပြီးစီးပါကနည်းပညာပိုင်း ပူးပေါင်းဆောင်ရွက်၍ ထုတ်လုပ်မည်ဆိုပါက အောင်မြင်နိုင်မည်ဟုသုံးသပ်တင်ပြရပါသည်။

၇၉။ **Radar ဆိုင်ရာ သုံးသပ်ချက် (KPA)**

(က) **Search Radar** ။ ယခင် ၁၉၆၀ ခုနှစ်ကျော် တရုတ်နိုင်ငံလုပ် ရေဒါအကြီးအားပြသခဲ့ပြီး ၎င်းအားပြန်လည်၍ ဆန်းသစ်ပြုပြင်ထားသော စနစ်သုံး ရေဒါအား ပြသခဲ့ပါသည်။ ယခင် Analog စနစ်မှသည် Digital စနစ်သုံးစနစ်သို့ ပြောင်းလဲထားပြီး computer စနစ်ပါ အသုံးပြုထားပါသည်။ ၁၂၀ ကီလိုမီတာမှ ၁၈၀ ကီလိုမီတာအထိအသုံးပြု လာနိုင်ပါသည်။

(ခ) **AWACS Jammer** ။ Jammer အငယ် ၆ ခု ပါရှိပြီး ၎င်း Jammer များအား ၇ ကီလိုမီတာအကွာအထိ ချထားနိုင်ပါသည်။ Jammer သည် ရန်သူ့ AWACS ထောက်လှမ်းမှုအား Jamming ပြုလုပ်ဆောင်ရွက်နိုင်သည်။ ၆၀ ဒီဂရီ ဘယ်ညာရွေ့နိုင်ပြီး မြင့်ဒေါင့် ၅ ဒီဂရီထား၍ ဆောင်ရွက်နိုင်သည်။

(ဂ) **GPS Jammer** ။ Jammer ထုတ်လွှင့်သည့် အငယ် ၂ ခုပါပြီး၊ ရန်သူ့ GPS အသုံးပြု၍ သွားလာမှု၊ ပစ်မှတ်ညွှန်ပြမှုများအား ဖျက်ဆီးနိုင်ပါသည်။ အကွာအဝေး ၃၀၀ ကီလိုမီတာအထိ Jamming ပြုလုပ်နိုင်ပါသည်။

၈၀။ **Jamming စက်များနှင့်ပတ်သက်၍ သုံးသပ်ချက် (KPA)**

(က) **Searching Radar** ။ နည်းပညာတိုးတက်စွာ ပြုလုပ်ထားသည်။ သို့သော်လည်းအခြားတိုးတက်သောနိုင်ငံများ၏ Searching Radar များနှင့် နှိုင်းယှဉ်၍ လေ့လာသင့်ပါသည်။ Active စနစ်ဖြစ်၍ အခြား Decoy များနှင့် ပေါင်းစပ်အသုံးပြုသွားသင့်ပါသည်။

(ခ) **AWACS Jammer** ။ မိမိနိုင်ငံတွင် ရန်သူမှ AWACS လေယာဉ်အသုံးပြု၍ တိုက်ခိုက်နိုင်သော နယ်စပ်ဒေသနှင့် ကမ်းရိုးတန်းဒေသများတွင် အသုံးပြုသင့်ပါသည်။ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့နှင့် တွဲဖက်၍ မိမိ၏ Command and Control စနစ်နှင့် ပေါင်းစပ်၍ အသုံးပြုသွားသင့်ပါသည်။ Jammer ဖြစ်၍ Decoy များနှင့် လှည့်စား၍ အသုံးပြုသင့်ပါသည်။

(ဂ) **GPS Jammer** ။ ရန်သူနှင့် စစ်ပြင်ဆင်ချိန်တွင် mobile အသုံးပြုသင့်သော Jammer ဖြစ်သည်။ မိမိသတ်မှတ်သော ဂွင်အတွင်း ဖိဖျက်နိုင်အောင် ကြိုတင်တွက်ချက် ဆောင်ရွက်ရမည်။ Decoy များအသုံးပြု၍ ရန်သူ၏တန်ပြန်တိုက်ခိုက်မှုကိုရှောင်ရှားအောင် ဆောင်ရွက်နိုင်ရမည်။

၈၁။ **အင်ဂျင်နီယာဆိုင်ရာ သုံးသပ်ချက်**

(က) ကာကွယ်ရေးပစ္စည်းစက်ရုံများ၊ စစ်လေယာဉ်များ၊ စစ်သင်္ဘောများ၊ လေကြောင်းရန်ကာကွယ်ရေးစနစ်၏ ယူနစ်တစ်ခုတွင် ပါရှိသည့် ရေဒါ၊ missile တင်ထားသည့် ကားနှင့် missile ပစ်စင်များ စသည်တို့အား ဥမင်(tunnel)များတွင် ထားရှိပြီး ပုံဖျက်ထားခြင်းတို့ကို တွေ့ရှိရပါသည်။ မိမိတို့ တပ်မတော်အနေဖြင့်လည်း ဖော်ပြပါ စစ်ဘက်ဆိုင်ရာအချို့မှ အရေးကြီး ပစ်မှတ်ဖြစ်နိုင်သည်တို့ကို ဥမင်(tunnel)ဖြင့် ထားရှိနိုင်ရေး တဖြည်းဖြည်း အဆင့်ဆင့်စီမံချက်ချကာ စီစဉ်ဆောင်ရွက်ရပါမည်။ ထို့သို့ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် Command Post Tunnel ကို လက်တွေ့တူးဖော်လုပ်ကိုင်နေရခြင်း၊ ၎င်းတို့နှင့် သဘာဝ၊ သဘောတရားများပါ တူညီနေခြင်းတို့ကြောင့် မိမိတို့တွင်ရှိသော စက်ယန္တရားအမျိုးအစားများ (Jumbo machine, Road Header စသည်တို့)နှင့် လေ့ကျင့်ထားပြီးဖြစ်သော အရာရှိ၊ စစ်သည်များဖြင့် ဆောင်ရွက်နိုင်ပါသည်။ လုပ်ငန်းပမာဏအပေါ်မူတည်၍ လိုအပ်မည့် စက်ယန္တရားများကို ထပ်မံဝယ်ယူဖြည့်တင်းရန် လိုအပ်ပါမည်။

(ခ) မြေအောက်ရထားတည်ဆောက်မှုအတွက် မိမိတို့တွင်ရှိသောစက်ယန္တရားအမျိုးအစားနှင့် လူ့အရင်းအမြစ်တို့ဖြင့် လက်ရှိအနေအထားအရ လက်တွေ့ဖောက်လုပ်ရန် အခက်အခဲရှိနိုင်ပါသည်။ ပထမအဆင့်အနေဖြင့် ပြည်ပကျွမ်းကျင်နည်းပညာရှင်များဖြင့် မိမိတို့အရာရှိ၊ စစ်သည်များအား သင်တန်းပေးခြင်း၊ မြေပေါ်မြေအောက်အသေးစိတ် သတင်းအချက်အလက်များကို အခြေခံစုဆောင်း၍ အသေးစိတ် Design များကို တွက်ချက်ရေးဆွဲခြင်း၊ လက်တွေ့လုပ်ရန်လိုအပ်မည့် စက်ယန္တရားကြီးများဝယ်ယူဖြည့်တင်းခြင်းတို့ကိုပြုလုပ်ပြီး လက်တွေ့လုပ်ဆောင်စေခြင်းဖြင့် အတွေ့အကြုံနှင့် နည်းပညာများရရှိနိုင်ရန် အတိုင်းအတာတစ်ခုအထိ အစပျိုးလုပ်ဆောင် သွားသင့်

သည်ဟု သုံးသပ်ပါသည်။ ဒုတိယအဆင့်အနေဖြင့် သုံးသည့်လျှပ်စစ် ဖြန့်ဖြူးပေး နိုင်သည့်ပမာဏ၊ လွန်စွာအရေးပါသော ventilation system နှင့် air-conditioning system များ၊ security system များ၊ emergency အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ထားမှုများ၊ ရထားတွဲတည်ဆောက်ပုံနှင့် တင်ဆောင်နိုင်သည့် ပမာဏ၊ နေရာအကျယ်အဝန်းများပါ ကွာခြားသွားပြီး အခြေခံအနေဖြင့် DPRK နိုင်ငံသည် မြေအောက်အနက် မီတာ(၁၀၀)ပျမ်းမျှတွင် ဖောက်လုပ်ထားကာ ပေကျင်းမြို့တော်ရှိ မြေအောက်ရထား လမ်းများကိုမူ အနက်ဆုံးမီတာ (၃၀)ခန့်တွင်သာ ဖောက်လုပ် ထားကြောင်း တွေ့ခဲ့ရပါသည်။ မြေအောက်တွင် နက်စွာဖောက်လုပ်ခြင်းသည် ကုန်ကျ စရိတ်ပိုမိုမြင့်မားခြင်း၊ တည်ဆောက်မှုနည်းပညာ ပိုမိုရှုပ်ထွေးနိုင်ခြင်း၊ မြေအောက် ရေနှင့် မြေအောက်လွှာကဲ့သို့သော မတူညီသည့် အခက်အခဲများကို ရင်ဆိုင်ရနိုင်ခြင်း စသည့် အားနည်းချက် များရှိနိုင်သော်လည်း တည်ဆောက်မည့် လမ်းတလျှောက် မြေပေါ်ရှိ အဆောက်အဦ များနှင့် မြို့ပြစနစ်များကို ထည့်သွင်းစဉ်းစားရန် မလိုခြင်း၊ အကယ်၍ အရေးပေါ်အခြေအနေ စစ်ပွဲဖြစ်ပါက ပြည်သူပေါင်းများစွာကို အသက် ဘေးမှ များစွာကယ်တင်နိုင်ခြင်း၊ ပြည်သူ့စစ်နှင့် ဥမင်လိုဏ်ခေါင်းစစ်ဆင်ရေးကို ထိရောက်စွာ အသုံးပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်။ မြေအောက်တွင် shallow type ဖြင့် နိမ့်စွာ opening method ပုံစံဖြင့် ဖောက်လုပ်ခြင်းသည် မြို့ပြစနစ်များဖြစ်သည့် မြေအောက်လျှပ်စစ် ဖြန့်ဖြူးရေး စနစ်များ၊ ရေပေးဝေရေးစနစ်များနှင့် သမိုင်းဝင် အထိမ်းအမှတ် အဆောက်အဦးများ ကိုပါ လိုအပ်လျှင် ဖယ်ရှားတူးဖော်ရမည်ဖြစ်၍ လမ်းကြောင်းဖြောင့်တန်းစွာ ဖောက်လုပ်ရန် ခက်ခဲခြင်း၊ မြေပေါ်မြေအောက်စနစ်များ ရောယှက်ရှုပ်ထွေးနိုင်ခြင်း၊ အရေးပေါ်ကာလအတွက် သာမန် shelter အဖြစ်သာ အသုံးပြုနိုင်ခြင်း စသည့် အားနည်းချက်များ ရှိပါသည်။ သို့ဖြစ်၍ အထက်ပါနည်းနှစ်မျိုးကို မိမိနိုင်ငံ မြေပြင် အနေအထား၊ မြေဆီလွှာဖွဲ့စည်း တည်ဆောက်ပုံ၊ မြစ်ချောင်းပမာဏ စသည့်အချက် များနှင့်တကွ multi-purpose အတွက် မည်သို့အသုံးဝင်မည် ဆိုသည်ကိုပါ အတွေ့ အကြုံနှင့် နည်းပညာများရရှိပြီးပါက မိမိတို့အစီအစဉ်ဖြင့် လုပ်ဆောင်နိုင်ရေးအား ရေရှည်စီမံချက်များချမှတ်ကာ တဖြည်းဖြည်း ဆောင်ရွက်သွားသင့်ပါသည်။ ထို့အပြင် မြေအောက်ရထားအတွက် ပို့လွှတ်ပေးရမည့် ဓါတ်အားပမာဏ၊ ဘူတာရုံများတွင် တပ်ဆင်သုံးစွဲမည့် စက်လှေကားများ၊ ventilation equipment များအပါအဝင် lighting system များနှင့် အခြားအသုံးပြုမည့် စနစ်များအတွက် ဓါတ်အား ပြတ်တောက်မှု မရှိစေရေးနှင့် လုံလောက်စွာ ပို့လွှတ်တပ်ဆင် လုပ်ကိုင်နိုင်ရေး အတွက်လည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။